# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက် | ၂၀၂၆ ခုနှစ်၊ မတ် ၂၃ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၇၄)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။


**ယနေ့ ဖတ်စရာ**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို — ပြည်တွင်းသတင်း စာ ၇

မြေသံကို နားထောင်မှ လယ်ယာစီးပွားရေး ဖွံ့ဖြိုးမည် — ဆောင်းပါး စာ ၁၀

စုပေါင်းညီညာအောင်ကြောင်းဖြာ ကျေးလက်စံပြ ခတ္တိယ — ဆောင်းပါး စာ ၁၆


## အပတ်စဉ်ဗုဒ္ဓဟူးနေ့အား အစိုးရရုံးဌာနများ၏ ရုံးလုပ်ငန်းများကို နေအိမ်မှသာဆောင်ရွက်ကြရန် သတ်မှတ်ကြေညာ

နေပြည်တော် မတ် ၂၂

၁။ အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် ဖြစ်ပေါ်လာနိုင်သည့် စက်သုံးဆီရှားပါးမှုကို ကြိုတင်ကာကွယ်ရန်ရည်ရွယ်၍ စုံ ၊ မ ယာဉ်သုံးစွဲသည့်စနစ်နှင့် စက်သုံးဆီဝယ်ယူသည့်စနစ်တို့ကို သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ သတ်မှတ်ကြေညာခဲ့သည့်နည်းတူ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စက်သုံးဆီ တင်သွင်းရရှိရေးကို နည်းလမ်းမျိုးစုံဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတွင် လုံလောက်သော စက်သုံးဆီအရန်ရှိသော်လည်း အနာဂတ်တွင်ဖြစ်လာနိုင်သော စွမ်းအင်ဆိုင်ရာစိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် စက်သုံးဆီသုံးစွဲမှုကို ချွေတာလျှော့ချရန်ရည်ရွယ်ကာ အစိုးရရုံးဌာနများမှ အရာထမ်း၊ အမှုထမ်းများသည် သက်ဆိုင်ရာရုံးဌာနများသို့ သွားရောက်ခြင်းမပြုဘဲ မိမိနေထိုင်ရာ နေအိမ်၊ အဆောင်များတွင်သာ ရုံးလုပ်ငန်းဆောင်ရွက်ခြင်းအား ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှစတင်ပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းဆောင်ရွက်သွားကြရန် သတ်မှတ်ကြေညာလိုက်ပါသည်။ ထိုသို့သတ်မှတ်ကြေညာခြင်းသည် စက်သုံးဆီချွေတာရန်ဖြစ်သည့်အားလျော်စွာ အစိုးရရုံးဌာနများမှ အရာထမ်း၊ အမှုထမ်းများအနေဖြင့် အဆိုပါရက်တွင် တာဝန်မှအပ ခရီးသွားလာမှုမပြုရန်နှင့် ယာဉ်သုံးစွဲမှုမပြုကြရန်ဖြစ်ပါသည်။

၂။ ပုဂ္ဂလိက အလုပ်ဌာနများအနေဖြင့်လည်း အစိုးရရုံးဌာနများနည်းတူ (work from home) ကဲ့သို့ လုပ်ဆောင်မှုမျိုးဖြင့် အတတ်နိုင်ဆုံး ဆောင်ရွက်သွားကြရန်ဖြစ်ပါသည်။

၃။ ဤကြေညာချက်သည် နောက်ထပ်ကြေညာချက် တစ်စုံတစ်ရာ မထုတ်ပြန်သရွေ့ အတည်ဖြစ်သည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

## ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော ကုလားပဲ ဧက ၁၄၅၀၀ အား ရိတ်သိမ်းပြီးစီး



ပွင့်ဖြူ မတ် ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံရာသီက စိုက်ပျိုးခဲ့သော ကုလားပဲသီးနှံ ဧက ၁၄၅၀၀ အထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဧက ၁၄၅၀၀ ရိတ်သိမ်းပြီးစီး**

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲဧက ၆၂၁၂၀ စိုက်ပျိုးနိုင်ခဲ့ကာ အဆိုပါစိုက်ပျိုးထားသော ကုလားပဲ စိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်ရိတ်သိမ်းခဲ့ပြီး ယနေ့တွင် ဧက ၁၄၅၀၀ အထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကာ အထွက်နှုန်းမှာ တစ်ဧကလျှင် ၂၀ ဒသမ ၅၃ တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီအဖြစ် ပွင့်ဖြူမြို့နယ်မှာ ကုလားပဲသီးနှံ ဧက ၆၂၁၂၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကုလားပဲစိုက်ခင်းတွေ အခုလက်ရှိမှာ ရိတ်သိမ်းလျက်ရှိရာ ဒီနေ့အထိ ဧက ၁၄၅၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲသီးနှံ စိုက်ပျိုးတာနဲ့ ပတ်သက်ပြီး တောင်သူတွေအနေနဲ့ တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့နဲ့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲကြဖို့ အသိပညာပေးတာတွေ ကြီးကြပ်ဆောင်ရွက်ခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ကုလားပဲစိုက်ပျိုးတောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊

*စာမျက်နှာ ၃ ကော်လံ ၆* ❖

# တိမ်ပင်လယ်က ညွှန်းသက်သေ

❒ "တပ်ကြပ်ငရဲ၊ သွေးမနည်းဘူး
ကဲ. . . နားထောင်
ဒါစစ်တိုက်နေတာ
ဖက်ထိပ်လုပ်နေတာမဟုတ်ဘူး"။

❒ "တောင်ခမ်းဟာ ငါတို့ရဲ့ အချက်အချာ
ငါတို့ သတ္တိရှိရှိ ခံချမယ်။
လုံးဝ နောက်မဆုတ်ဘူး။
လုံးဝ နောက်မတွန့်ဘူး"။

❒ ရဲဝံ့တဲ့စစ်သား၊ သူ့စကားကြောင့်
နှလုံးသား ပုံရိပ်၊ ရှေးအတိတ်ကို
စိတ်ထဲမှာပြန်မြင်၊ စစ်မြေပြင်အတူနွှဲခဲ့တဲ့
ငါ့ရဲဘော်တွေ အခုများ၊ ပြန်တွေ့ရသလားကွယ်
အချစ်တရားမြဲတဲ့၊ စစ်သားအသည်းမို့
ဖြန်းခနဲ ဖျဉ်းခနဲ၊ ကြက်သီးလည်းထမိတယ်။
မျက်ရည်လည်း ဝဲမိတယ်။

❒ စစ်သား စကား၊ စစ်သား နားမှာ
မခါးပါ ချိုစမြဲ၊ သေရဲ တိုက်ရဲ
စွန့်လွှတ်ရဲ ပေးဆပ်ရဲတဲ့
ငရဲတို့ အသည်းနှလုံး၊ ငရဲကုန်းမှာ ကမ္ပည်းတင်
ခရီးနှင့် ဖြတ်သန်း
တိမ်ပင်လယ် ခရီးကြမ်းမှာ
အောင်ပန်းတွေ ဝေခဲ့ပြီ။

❒ ကြွေချင်ကြွေ၊ ဝေချင်ဝေ
အမိမြေမှာ ပွင့်တဲ့ပန်း
မနွမ်းခင် ဝေ၊ မကြွေခင် လှ
ကြွေရင်လည်း အလှမပျက်တဲ့
မြန်မာ့အတွက် မြန်မာ့ပန်း
စစ်စခန်းက အောင်ပန်းဆင်တဲ့
အောင်စစ်သည်တွေ
ထာဝရ အောင်မြင်ကြပါစေ။
တိမ်ပင်လယ်က ညွှန်းသက်သေ။ ။

**မြင်းမူမောင်နိုင်မိုး**

## (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်တွေ-ပလ္လင်ပြင် ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

**စစ်တွေ မတ် ၂၂**

(၈၁)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်တွေ–ပလ္လင်ပြင် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်း၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ ရပ်ကွက်နေပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးက စစ်တွေ–ပလ္လင်ပြင် ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးတို့က လမ်းဖွင့်ပွဲအထိမ်းအမှတ် အလံများ ပေးအပ်ကြသည်။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက စစ်တွေ – ပလ္လင်ပြင်ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကွန်ကရစ်လမ်းတစ်လျှောက်ဖြတ်သန်းကြည့်ရှုပြီး ကွန်ကရစ်လမ်းဖွင့်ပွဲတွင် တီးခတ်ဖျော်ဖြေပေးကြသော အခြေခံပညာကျောင်းများမှ ဘင်ခရာအဖွဲ့၊ အေရိုးဗစ်အကအဖွဲ့၊ ပန်းဖွားအဖွဲ့၊ ယဉ်ကျေးမှုအဖွဲ့နှင့် ရခိုင်စည်တော်အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)၊**

**ဓာတ်ပုံ– ဝင်းမင်းစိုး**

## ပေါင်မြို့နယ်၌ နွေစပါး ၂၃၀၉၈ ဧက စိုက်ပျိုးပြီးစီး

**ပေါင် မတ် ၂၂**

မွန်ပြည်နယ် ပေါင်မြို့နယ်အနေဖြင့် နွေသီးနှံစိုက်ပျိုးရာသီတွင် ယနေ့အထိ နွေစပါးစိုက်ဧက ၂၃၀၉၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



အဆိုပါနွေစပါးများကို သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရန်နှင့် ဒေသတွင်း ဆန်ဖူလုံပိုလျှံစေရေးအတွက် စိုက်ပျိုးခြင်းဖြစ်ပြီး ဆည်ရေ၊ သဘာဝဝင်ရေ၊ ချောင်းရေ၊ မြောင်းရေများကို ရေစုပ်စက်စနစ်ဖြင့် အကျိုးရှိစွာ အသုံးချစိုက်ပျိုးခြင်းဖြစ်သည်။

**အားထားစိုက်ပျိုး**

ပေါင်မြို့နယ်သည် နွေစပါးစိုက်ပျိုးရာ၌ အောင်မြင်ဖြစ်ထွန်းမှုရှိခြင်းကြောင့် နှစ်စဉ်နွေသီးနှံစိုက်ပျိုးရာသီတွင် တောင်သူအများစုက နွေစပါးကို အားထားစိုက်ပျိုးကြသည်။ ဒေသခံတောင်သူများကိုလည်း နွေစပါးစိုက်ပျိုးရာ၌ အထွက်နှုန်း တိုးတက်စေရေးအတွက် စိုက်ပျိုးရေးနည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးအတွက် နယ်မြေအလိုက် တာဝန်ပေးထားသည့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူပညာပေး လုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ဒေသခံတောင်သူများ အဓိကစိုက်ပျိုးသည့် နွေစပါးမျိုးများမှာ အောင်နိုင်တိုး၊ မော်ဘီ–3၊ ရွှေသွယ်ရင်၊ ရေဆင်းပေါ်ဆန်း–(၁၂)၊ ဆင်းသုခ၊ ရတနာတိုးစသည့် စပါးမျိုးများဖြစ်ကြောင်း သိရသည်။

ဒေသခံတောင်သူများ နွေစပါးအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ကတိုက်ဆည်မှ ဆည်ရေများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးလျက်ရှိကြောင်း သထုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၆) မှ သိရသည်။

**မွန်မလေး**

**(ပြန်/ဆက်)**

❖ *ရှေ့ဖုံးမှ*

အထွက်နှုန်း ကောင်းမွန်ရေးနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဒေသမရွေးကြိုးပမ်းသင့်**

ကုလားပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကုလားပဲသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်အောင် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ဒုတိယဝန်ကြီး ဗိုလ်ချုပ် မင်းသူ (၈၁)နှစ်မြောက် တပ်မတော်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးနေမှု ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၂၂**

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ ဦးစီးဌာနများဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးကြသည်။



အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးနေမှုကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များနှင့် တပ်ဖွဲ့၊ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာ သောင်းလှိုင်နှင့် ဆေးရုံတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းအင်အား ၁၀၁၀ တို့နှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းအင်အား၂၀၀ စုစုပေါင်းအင်အား ၁၂၁၀ တို့က ဆေးရုံကြီးဝင်း အတွင်း/အပြင် သန့်ရှင်းသာယာ လှပရေးအတွက် ဆောင်ရွက်ခြင်း၊ ဆေးကုသဆောင်နှင့် အဆောက်အအုံများပေါ်ရှိ အမှိုက်များ၊ သစ်ရွက်ခြောက်များ ဖယ်ရှားရှင်းလင်းခြင်း၊ အဆောက်အအုံများဘေး ထိစပ်နေသော သစ်ကိုင်းများ၊ သစ်ပင်ကြီးများ အမြင်တင့်တယ်စေရေး၊ လေဝင်/လေထွက် ကောင်းမွန်စေရေးနှင့် အလင်းပွင့်စေရေးအတွက် ခုတ်ထွင်ဖယ်ရှားရှင်းလင်းခြင်း၊ ချုံနွယ်ပေါင်းမြက်များ ဖယ်ရှားရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများဖော်ထုတ်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြပြီး စုပေါင်းသန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်သည့် တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများကို စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာစာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၂၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်သို့ ယမန်နေ့မွန်းလွဲပိုင်းက ရောက်ရှိရာ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်မှာကြားချက်များအရ တက္ကသိုလ်အဝင်နှင့် လမ်းနေရာပြင်ဆင်ဆောင်ရွက်ပြီးစီးမှု၊ အဓိပတိလမ်းတစ်လျှောက် ပလက်ဖောင်းနှင့် လမ်းမီးတိုင်များ ဆောင်ရွက်ပြီးစီးမှု၊ အလှရေကန်များ ဆောင်ရွက်ပြီးစီးမှု၊ တက္ကသိုလ်ဘောလုံးကွင်းတည်ဆောက်ပြီးစီးမှုနှင့် ပြေးလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ တက္ကသိုလ်ဥပမိရိပ်တင့်တယ်စေရေးနှင့် သန့်ရှင်းသပ်ရပ်သာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပညာသင်နှစ်နှင့် အင်ဂျင်နီယာဘာသာရပ်အလိုက် ပင်မသုံးထပ်ဆောင်ရှိ စာမေးပွဲခန်းများတွင် ကျောင်းသားကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ၂၀၂၆ ခုနှစ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်က **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့၊ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"** အမျိုးသားရေး ဆောင်ပုဒ်များနှင့်အညီ ပြသခဲ့သည့် စိုက်ပျိုးရေးကုန်ကြမ်းအခြေပြု MSME လုပ်ငန်းသုံး Portable Solar Dryerကို ကြည့်ရှုစစ်ဆေးကာ ပြပွဲကာလ၌ နည်းပညာတောင်းခံမှုများကို ဖြည့်ဆည်းပေးနိုင်ရေးအလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စာမေးပွဲ ဖြေဆိုပြီးစီး၍ စာမေးပွဲခန်းများမှ ထွက်ခွာလာကြသည့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးပြီး ဖြေဆိုနိုင်မှုအခြေအနေ၊ Academic Calendar အရ သုတေသနစီမံကိန်းများ၊ စက်ရုံအလုပ်ရုံ ချိတ်ဆက်မှုနှင့် အတွေ့အကြုံရရှိစေရေး ဆောင်ရွက်မည့် အစီအစဉ်များကို မေးမြန်းကာ နိုင်ငံတော် ဖွံ့ဖြိုးရေးတွင် အမှန်တကယ်အားထားရမည့် ဗလငါးတန်နှင့်ပြည့်စုံ၍ ကျင့်ဝတ်များကိုလိုက်နာသော အင်ဂျင်နီယာလူငယ်လူကောင်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ Agro-based Industries၊ MSME များ၊ ဆိုလာအပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ၊ AI နှင့် EV နည်းပညာများဖွံ့ဖြိုးရေး သုတေသနစီမံကိန်းများကို အဖွဲ့လိုက် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများအား မိဘပြည်သူများ လာရောက်ဂုဏ်ပြုနိုင်

(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများအား တန်းစီကွင်းမှ စစ်ရေးပြကွင်းကြီးသို့ ချီတက်ရာလမ်းကြောင်းတစ်လျှောက် ဂုဏ်ပြုပန်းစည်းကမ်းလိုသူ မိဘပြည်သူများအနေဖြင့် **မတ်လ ၂၃၊ ၂၄၊ ၂၅ ရက်နေ့များတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် (ပင်မဂိတ်)** သို့ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ ရောင်စုံလိုင်စင် ဓာတ်ပုံ(၂)ပုံ တို့နှင့်အတူ လုံခြုံရေးဝင်ခွင့်ကတ်များကို လူကိုယ်တိုင်(လူကိုယ်တိုင်) လာရောက်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လုံခြုံရေးဆပ်ကော်မတီ
(နေပြည်တော်တိုင်းစစ်ဌာနချုပ်)
နေပြည်တော်
ဖုန်း၊ ၀၃၂-၃၀၀၀၉

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် အထင်ကရနေရာများအား သွားရောက်ဖူးမြော်လေ့လာ

**နေပြည်တော် မတ် ၂၂**

(၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် အဖွဲ့သုံးဖွဲ့ခွဲ၍ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

**ဖူးမြော်ကြည်ညို**

အဆိုပါ (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ ဘုရားဖူးလာစစ်ရေးပြစစ်ကြောင်းများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး(**ယာပုံ**) ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ထို့နောက် ပိဋကတ်သုံးပုံတော်လာအဋ္ဌကထာ





ဋီကာကျမ်းစာများကို စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်း တည်ဆောက်ထားသည့် ကျောက်စာရုံစေတီတော်အဆူ ၇၂၀ ကိုလည်း စိတ်ဝင်စားစွာဖြင့် ဖူးမြော်လေ့လာကြည်ညိုကြသည်။

**ကြည့်ရှုလေ့လာ**

ထို့ပြင် အဆိုပါစစ်ရေးပြစစ်ကြောင်းများသည် အမျိုးသားပြတိုက်(နေပြည်တော်) ရှိ ပြခန်းများ၊ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)(**ဝဲပုံ**)နှင့် မြန်မာနိုင်ငံတော်အတွက် မိမိတို့၏ အသက်ကိုပင် စွန့်လွှတ်စွန့်စားစွာ ပေးဆပ်ခဲ့ကြသည့် အမွန်မြတ်ဆုံး တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီကို မော်ကွန်းတင်ကမ္ပည်းရေးထိုးထားရှိသည့် အထိမ်းအမှတ်ဗိမာန်တစ်ခုဖြစ်သည့် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ဂါရဝပြု အလေးပြုကြပြီး ဗိမာန်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တစ်နိုင်ငံလုံးအကြားအလပ်မရှိ စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဟိုပုံးမြို့နယ် ဖက်ရမ်းကျေးရွာအုပ်စု ဖက်ရမ်းငယ်ကျေးရွာသို့ ဆိုလာ ၄၃ စုံ၊ ထီအုံခမ်း (နမ့်ပေါ်ခမ်းပေး)ကျေးရွာသို့ ဆိုလာအစုံ ၄၀၊ တာကော်(ခိုက်တာလော)ကျေးရွာသို့ ဆိုလာ ၆၄ စုံ၊ လုံလောက်ကျေးရွာသို့ ဆိုလာ ၁၈ စုံနှင့် ကလောမြို့နယ် ငုတ်ကျေးရွာအုပ်စု တောင်ပို့လှကျေးရွာသို့ ဆိုလာအစုံ ၅၀ စုစုပေါင်း ဆိုလာ ၂၁၅ စုံတို့ကို ကျေးရွာမီးလင်းရေးအတွက် ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးရဲလွင်ဦးနှင့် တာဝန်ရှိသူများက ကျေးရွာများရှိ ဒေသခံတိုင်းရင်းသားပြည်သူများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ပြီး ယခုအခါ အဆိုပါဆိုလာမီးတပ်ဆင်ခြင်း လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် အဆိုပါဆိုလာမီးများ တပ်ဆင်ပေးနိုင်ခဲ့မှုကြောင့် ပအိုဝ်း



ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ ကျေးရွာ ငါးရွာမှ လူဦးရေ ၂၂၈၄ ဦးတို့အနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို များစွာ အထောက်အကူပြုလျက်ရှိသည့်အတွက် များစွာဝမ်းမြောက်လျက်ရှိကြောင်း ဒေသခံတိုင်းရင်းသားများထံမှ သိရသည်။

**သတင်းစဉ်**






# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၂၅)

## တက္ကသိုလ်နှင့် တွဲဖက်နေသော သုတေသနဌာနများ အပင်မျိုးမွေးမြူရေးသုတေသနဌာန၊ ဆစ်ဒနီတက္ကသိုလ်

ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ်-ငြိမ်း)

**ဤဆောင်းပါးတွင်တော့ ဩစတြေးလျတက္ကသိုလ်များက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု သုတေသနများ ဦးစားပေးဆောင်ရွက်နေပုံများကို ဆက်လက်ဆွေးနွေးသွားပါမည်။**

**(က) အပင်မျိုးမွေးမြူရေးသုတေသနနှင့် သင်ကြားရေးဌာန၊ ဆစ်ဒနီတက္ကသိုလ်**

ဆစ်ဒနီတက္ကသိုလ်၏ အပင်မျိုးမွေးမြူရေး သုတေသနနှင့် သင်ကြားရေးဌာန (Plant Breeding Institute _ PBI)သည် ဩစတြေးလျနိုင်ငံ၏စိုက်ပျိုးရေးသုတေသနစနစ်အတွက် အခြေခံကျသော၊ အရေးကြီးသော သင်ကြားရေး၊ သုတေသနဌာနတစ်ခုဖြစ်ပြီး သီးနှံမျိုးဗီဇ၊ အပင်ရောဂါဗေဒနှင့် အပင်မျိုးစပ်နည်းပညာဆိုင်ရာ သုတေသနများကို နှစ်ပေါင်း ၁၀၀ ကျော် ဆောင်ရွက်လာခဲ့သည့် ဌာနဖြစ်ပါသည်။ ဤဌာနသည် ဆစ်ဒနီတက္ကသိုလ် သိပ္ပံမဟာဌာနနှင့် ဆစ်ဒနီစိုက်ပျိုးမွေးမြူသင်ကြား၊ သုတေသနဌာနအောက်တွင် လုပ်ကိုင်နေပြီး အခြေခံအပင်သိပ္ပံ၊ မွေးမြူရေးသိပ္ပံနှင့် ကမ္ဘာ့စားနပ်ရိက္ခာ ထုတ်လုပ်မှု လိုအပ်ချက်များအကြား ကြားခံတံတားသဘောမျိုးအဖြစ် လုပ်ဆောင်နေပါသည်။

ဤဌာနအမည်ဖြင့် ပထမ ဆစ်ဒနီမြို့အတွင်း ကတ်စတယ်တောင်ကုန်းမြေနေရာ (Castle Hill) တွင် ၁၉၅၃ ခုနှစ်က စတင်တည်ထောင်ခဲ့သော်လည်း ဂျုံသံချေးရောဂါ (Wheat Rust) သုတေသနကို ၁၉၂၁ ခုနှစ်ကတည်းက ဩစတြေးလျသုတေသနပညာရှင် မစ်စ်တာဝါးတားဟောက် (Mr. W.L. Waterhouse)ဆိုသူက စတင်ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ပါမောက္ခ အိုင်ဗင်းဝတ်ဆန် (Prof. Irvine Watson)က ဆက်လက်ဆောင်ရွက်ခဲ့ပြီး ပါမောက္ခမက်ကင်တော့ (Prof. R. McIntoch) နှင့် ပါမောက္ခပတ် (Prof. R. Park) တို့က ၁၉၇၇ ခုနှစ်မှ နေ ၂၀၀၂ ခုနှစ်အထိ လက်ဆင့်ကမ်း သယ်ဆောင်သုတေသနပြုခဲ့ပါသည်။

၁၉၈၀ ပြည့်နှစ်နောက်ပိုင်းတွင် ဆစ်ဒနီမြို့ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ထိုနေရာမှ လက်ရှိနေရာ (ထိုစဉ်က ကိုဘစ်တီကျေးရွာ- Cobbitty Village အနီး ကမ်ဒမ်နေမြေ-Camden Campus) တွင် တက္ကသိုလ်ပိုင်နယ်မြေတစ်ခုတည်း ဟက်တာ ၉၀၀ ကျော် (ဧက ၂၀၀၀ ကျော်) ဝယ်ယူလိုက်ပြီး ၁၉၈၉ ခုနှစ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများစတင်ကာ ၁၉၉၁ ခုနှစ်တွင် ဤဌာနကို ဖွင့်လှစ်ခဲ့ပါသည်။

ပြုလုပ်နေသောသင်ကြားရေးနှင့် သုတေသနများမှာ -

**(က-၁) သီးနှံမျိုးမွေးမြူနည်းနှင့် ဗီဇဗေဒ**

စတင်တည်ထောင်ကတည်းက လယ်ယာသီးနှံများ၏ အထွက်တိုးထုတ်လုပ်မှုတိုးတက်ရန်၊ ဆိုးရွားမှုမှ ခံနိုင်ရည်ရှိရန်၊ ရေရှည်တည်တံ့ခိုင်မြဲရန် သုတေသနအခြေခံမျိုး မွေးမြူရေးအစီအစဉ်များ ဆက်တိုက်ဆောင်ရွက်နေပါသည်။

**(က-၂) နှံစားသီးနှံများသံချေးရောဂါ သုတေသနဓာတ်ခွဲခန်းများ**

သံချေးမှိုရောဂါသည် ကမ္ဘာ့နှံစားသီးနှံ စိုက်ပျိုးရေးလုပ်ငန်းတွင် အရေးကြီးဆုံးနှင့် အဖျက်ဆီးဆုံး ဇီဝဖျက်ပိုးတစ်မျိုးဖြစ်ပါသည်။ ဤသုတေသနဓာတ်ခွဲခန်းဌာနသည် ဩစတြေးလျတစ်နိုင်ငံလုံး၏ နှံစားသီးနှံ ကာကွယ်နှိမ်နင်းခြင်းအစီအစဉ်အားလုံး နှစ်စဉ်ဘတ်ဂျက်၊ ကုန်ကျစရိတ်များအားလုံး စီစဉ်ဆောင်ရွက်ပါသည်။ ၁၉၂၁ ခုနှစ်ကတည်းက ဤတက္ကသိုလ်တွင် စတင်ခဲ့သော ဤဌာနသည် အကြာဆုံးနှင့် ကမ္ဘာကျော်နာမည်ကြီး သင်ကြား၊ သုတေသနဌာနကြီးဖြစ်ပါသည်။

**(က-၃) ဥယျာဉ်ခြံသီးနှံအပင်များမွေးမြူရေး**

ဤဌာန၌ ဥယျာဉ်ခြံသီးနှံများ၏ ဆဲလ်ဗေဒ၊ သန္ဓေသားဗေဒ၊ ရောဂါဗေဒ၊ မျိုးပွားပုံ၊ ရေရှည်တည်တံ့ခိုင်မြဲစေသော ထုတ်လုပ်ရေးတို့ကို သင်ကြား၊ သုတေသနပြုလုပ်နေပါသည်။

ပုံမှန်စနစ်ထက် ကွာခြားချက်မှာ အစိုးရ၊ ပုဂ္ဂလိက၊ ပူးတွဲဆောင်ရွက်မှု - ပီ ၃-လုံး (PPP-Public Private Partnership) ကို အသုံးချဥယျာဉ်ခြံသီးနှံသုတေသနအဖွဲ့ (AHR-Applied Horticul-tural Research) (အဟာ) နှင့် တွဲဖက်သင်ကြား၊ သုတေသန ပြုလုပ်နေခြင်းပင်ဖြစ်ပါသည်။

လက်ရှိပြုလုပ်နေသော သုတေသနများမှာ သွင်းအားစုအနည်းငယ် ဥပမာ - ရေအနည်းငယ်၊ မြေဩဇာအနည်းငယ်၊ ဓာတုဆေးအနည်းငယ်နှင့် ဥယျာဉ်ခြံသီးနှံ မျိုးအသစ်များ ထုတ်လုပ်ခြင်း၊ ဟင်းသီးဟင်းရွက်မျိုးသစ်များ ထုတ်လုပ်ခြင်း စသည်တို့ ဖြစ်ပါသည်။

**(က-၄) ဒေသမြက်ခင်းပြင်များ၊ မြက်မျိုးများ**

ဩစတြေးလျ မူရင်းဒေသ တိုင်းရင်းသားလူမျိုးများ ထုတ်လုပ်သုံးစွဲခဲ့ကြသော ရှေးအကျဆုံးပေါင်မုန့် အပါအဝင် စိုက်ပျိုး၊ မွေးမြူရေး၊ ဒေသတိရစ္ဆာန်များ လွတ်ကျောင်းခဲ့သော ဒေသမြက်ခင်း စခဲ့သော သုတေသနများစွာ ဆောင်ရွက်နေပါသည်။

**(ခ) ဩစတြေးလျနိုင်ငံလုံးဆိုင်ရာ စိုက်ပျိုးမွေးမြူရေးသုတေသန**

၂၀၂၄-၂၀၂၅ ခုနှစ်အတွက် ဩစတြေးလျနိုင်ငံလုံးဆိုင်ရာ စိုက်ပျိုးမွေးမြူရေး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေရရှိမှုမှာ ဩစတြေးလျဒေါ်လာ ၃ ဒသမ ၂ ဘီလီယံ (A$ 3.2-Billion) ရှိပါသည်။ ထိုအထဲမှ ဩစတြေးလျဖက်ဒရယ်အစိုးရက ၁ ဒသမ ၃ ဘီလီယံ၊ ပုဂ္ဂလိကရန်ပုံငွေမှ ၁ ဒသမ ၄၂-ဘီလီယံ၊ တက္ကသိုလ်များကိုယ်ပိုင် ရန်ပုံငွေ ၀ ဒသမ ၃၄-ဘီလီယံနှင့် ပြည်နယ်အစိုးရများမှ ၀ ဒသမ ၂၂ ဘီလီယံရှိပါသည်။

**❝ သံချေးမှိုရောဂါသည် ကမ္ဘာ့နှံစားသီးနှံ စိုက်ပျိုးရေးလုပ်ငန်းတွင် အရေးကြီးဆုံးနှင့် အဖျက်ဆီးဆုံး ဇီဝဖျက်ပိုးတစ်မျိုးဖြစ်ပါသည်။ ဤသုတေသနဓာတ်ခွဲခန်းဌာနသည် ဩစတြေးလျတစ်နိုင်ငံလုံး၏ နှံစားသီးနှံ ကာကွယ်နှိမ်နင်းခြင်းအစီအစဉ်အားလုံး နှစ်စဉ်ဘတ်ဂျက်၊ ကုန်ကျစရိတ်များအားလုံး စီစဉ်ဆောင်ရွက်ပါသည်။ ၁၉၂၁ ခုနှစ်ကတည်းက ဤတက္ကသိုလ်တွင် စတင်ခဲ့သော ဤဌာနသည် အကြာဆုံးနှင့် ကမ္ဘာကျော်နာမည်ကြီး သင်ကြား၊ သုတေသနဌာနကြီးဖြစ်ပါသည် ❞**



ဂျုံသံချေး ရောဂါသုတေသနပြုလုပ်နေပုံ။

ထိုအထဲမှ ပုဂ္ဂလိကမှ သုတေသနရန်ပုံငွေရရှိမှုမှ လီဗိုင် (Levy) ခေါ် စည်းကြပ်ငွေတစ်မျိုးအကြောင်း ဆွေးနွေးလိုပါသည်။

ဩစတြေးလျနိုင်ငံတွင် "Levy" ဆိုသည်မှာ စိုက်ပျိုးရေးနှင့် ကျေးလက်စီးပွားရေးလုပ်ငန်းများတွင် အလွန်အရေးကြီးသော စက်မှုလုပ်ငန်းအလိုက် စည်းကြပ်အခကြေးငွေ တစ်မျိုးဖြစ်ပါသည် (အခွန်နှင့်မတူညီပါ)။ ဤငွေများကို သုတေသန၊ နည်းပညာဖွံ့ဖြိုးရေး၊ ဈေးကွက်မြှင့်တင်ရေး၊ ဇီဝလုံခြုံမှု စသည့် လုပ်ငန်းများအတွက် အသုံးပြုကြပါသည်။

Levy ဆိုသည်မှာ စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများ သို့မဟုတ် လုပ်ငန်းရှင်များက မဖြစ်မနေ ပေးဆောင်ရသော အခကြေးငွေဖြစ်ပြီး အများအားဖြင့် ထုတ်လုပ်သည့်ပမာဏ သို့မဟုတ် နိုင်ငံခြားပို့ကုန် ကုန်ပစ္စည်းတန်ဖိုးအပေါ် အခြေခံ၍ကောက်ခံပါသည်။ အခွန်ငွေ (Tax) နှင့် မတူညီပါ။ သုတေသနရန်ပုံငွေအတွက် သီးသန့်ကောက်ခံခြင်းဖြစ်ပြီး သီးနှံ၊ မွေးမြူရေးတိရစ္ဆာန်၊ ငါးပုစွန် မွေးမြူခြင်းတို့ ပိုမိုထွက်ရှိထုတ်လုပ်နိုင်ရန် ရည်ရွယ်ပါသည်။

ဤရန်ပုံငွေများကို ဩစတြေးလျအစိုးရ၏ စိုက်ပျိုး၊ မွေးမြူရေး၊ ငါးလုပ်ငန်းနှင့် သစ်တောဌာနက စီမံခန့်ခွဲပါသည်။**(ဩစတြေးလျနိုင်ငံတွင် အစိုးရဌာန တစ်ခုတည်းရှိပါသည်။ မြန်မာနိုင်ငံအတွက် ဌာနများစွာ ဖွဲ့စည်းပုံဆင်ခြင်သုံးသပ်ရန်ပါ)။**

ရရှိသောငွေများကို အောက်ပါလုပ်ငန်းများအတွက် အသုံးပြုကြပါသည် -

(ခ-၁) သုတေသနနှင့် ဖွံ့ဖြိုးရေး ။ ဥပမာ - စိုက်ပျိုးမွေးမြူရေးနည်းပညာတိုးတက်ရေး၊ ထုတ်လုပ်မှုတိုးတက်ရေး၊ ရေရှည်တည်တံ့သော စိုက်ပျိုးမွေးမြူရေး စသည်တို့ ဖြစ်ပါသည်၊

(ခ-၂) ကူးသန်းရောင်းဝယ်ရေးတိုးမြှင့်မှု။ ဥပမာ- စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ပြည်တွင်း၊ နိုင်ငံတကာဈေးကွက်တွင် ကြော်ငြာမြှင့်တင်ရန် စသည်တို့ဖြစ်ပါသည်၊

(ခ-၃) ဇီဝလုံခြုံမှုနှင့် မွေးမြူထားသော တိရစ္ဆာန်များ ကျန်းမာရေး။ ဥပမာ- ပိုးမွှားနှင့် ရောဂါကာကွယ်ရေး၊ တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှု စသည်တို့ဖြစ်ပါသည်၊

(ခ-၄) စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု။ ဥပမာ- သင်တန်းများ၊ တောင်သူပညာပေးလုပ်ငန်းများ ဈေးကွက်ဖွံ့ဖြိုးရေး စသည်တို့ဖြစ်ပါသည်။

**စာရေးသူ၏ အတွေးတစ်စ**

| အချက်အလက်များ | ဩစတြေးလျ | မြန်မာ |
| --- | --- | --- |
| လူဦးရေ (သန်း) | ၂၇.၅ | ၅၅.၃ |
| စိုက်ပျိုးနိုင်သောမြေ (ဟက်တာသန်း) | ၂၅.၂ | ~၁၁.၀ |
| ကျေးလက်ဒေသလူဦးရေ (သန်း) | ၇ | ၃၇ |
| စိုက်ပျိုးမွေးမြူရေးမှဂျီဒီပီ (ဒေါ်လာသန်း) | ၅၉.၅ | ၁၂.၅ |
| စိုက်ပျိုးမွေးမြူရေးပညာသင်တက္ကသိုလ်များ | ၃၇ | ၃ |
| ဂျီဒီပီ၏ပညာရေးအသုံးရာခိုင်နှုန်း (%) | ၅.၄ | ၂.၀ |
| ဂျီဒီပီ၏သုတေသနအသုံးရာခိုင်နှုန်း (%) | ၁.၆၉ | (2023) ၀.၀၂ |

**Source - https://statbase.org/data/mmr-research-and-development-expenditure (မြန်မာနိုင်ငံတွင် ၂၀၀၂ ခုနှစ်က ဂျီဒီပီ၏ ၀.၁၆% အထိ သုတေသနရန်ပုံငွေသုံးခဲ့သည်ဟု မှတ်တမ်းတွေ့ရပါသည်။)**

**ဂျီဒီပီ၏ သုတေသနနှင့် ဖွံ့ဖြိုးမှုအသုံးပြုမှု ကမ္ဘာ့နိုင်ငံများ (၂၀၂၅)**

(၁) အစ္စရေး (Israel) - ၆.၀ မှ ၆.၃ ရာခိုင်နှုန်း

(၂) တောင်ကိုရီးယား(S.Korea) - ၅.၀ မှ ၅.၃ ရာခိုင်နှုန်း

(၃) အမေရိကန်နိုင်ငံ (US) - ၃.၄ မှ ၃.၆ ရာခိုင်နှုန်း

(၄) ဘယ်လ်ဂျီယံ(Belgium) - ၃.၀ မှ ၃.၄ ရာခိုင်နှုန်း

(၅) ဆွီဒင်၊ ဂျပန် (Sweden, Japan) - ၃.၄ ရာခိုင်နှုန်း ပတ်ဝန်းကျင် စသည်တို့ သုံးစွဲနေသည်ကို သိရှိရပါသည်။

လက်ရှိ မြန်မာနိုင်ငံ၏ ပညာရေးနှင့် သုတေသနနှင့် ဖွံ့ဖြိုးရေးအသုံးစရိတ်သည် နိုင်ငံတော်ဂျီဒီပီ (GDP - Gross Domestic Products) ရရှိမှု၏ အချိုးကျရာခိုင်နှုန်းကို ကမ္ဘာ့စာရင်းဇယား ဖော်ပြမှုများတွင် လေ့လာကြည့်ရာ အခြားနိုင်ငံများထက်စာလျှင် နည်းပါးနေသေးသဖြင့် ရာခိုင်နှုန်းအနည်းငယ် တိုးမြှင့်သုံးစွဲပေးပါက စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအပါအဝင် ဖွံ့ဖြိုးတိုးတက်မှု မလွဲကေန်ရရှိနိုင်ပါသည်ဟူ၍ ထင်မြင်ယူဆမိပါသည်။ ။

# နိုင်ငံနှင့် တပ်မတော်

✪ တစ်ကုန်းကျော် တစ်တောင်နင်း
တစ်တောရှင်း တစ်ရန်နှင်။
စစ်မြေမှာ နှစ်ရှည်ညောင်းပေမယ့်
ပြန်ကြောင်းမမင်။
နေပူမိုးရွာ ဆောင်းချမ်းမရွေး
သောင်းကျန်းဘေး ရှင်းသုတ်သင
မောင်းတင်ကျည်ထိုး အမြဲအသင့်။
ဖွံ့ဖြိုး စည်ပင်လို့
ပြည်တစ်ခွင် ကြည်ရွှင်အေးရအောင်
စတေးပေးဆပ် တာဝန်ထမ်း
စွမ်းအားမာန်ဝင့်။

✪ အမြောက်သံ ဗုံးဆန်ကြား
ကျားထိုးတက် အောင်ပွဲယူ။
သွေးချွေးအသက် ဆက်ကာနင်း
သက်ပြင်းလှသူ။
ကျားကိုခလုတ်
ငုတ်ကိုသင်ဖြူး
ဆူးကိုမွေ့ရာ စွဲမှတ်ယူ
ရန်သူဆို ဗိုလ်မထား။
ကိုယ့်နယ်နိမိတ်မျဉ်းကို
တိုင်းခြားရန် ကျော်မနင်းရဲအောင်
မြဲစောင့်ကြပ်တား။

✪ မြန်မာနိုင်ငံ ရှိနေသမျှ
မြန်မာ့တပ်မတော် ရှိရမည်။
တပ်မတော် ခိုင်ကျည်မြဲမှလည်း
နိုင်ငံမြဲမည်။
အလှအမွေစုံတဲ့
မြန်မာ့မြေပုံ တစ်ချက်မယွင်းရအောင်
အသက်နှင်းလို့ ကာကွယ်မည်
ကမ္ဘာတည်မည့် သစ္စာတရား။
အရေးဟော့...ဆိုတာနဲ့
ပြေးတွေ့ကြိုကာ ရင်ဆိုင်ရှင်းပါလို့
ခပင်းရန် အစဉ်ငြိမ်းအောင်
ထိန်းနိုင်တဲ့သား။

✪ တပ်မတော် အင်အားပြည့်မှ
တိုင်းပြည်လည်း အားရှိမည်။
အသိတရားဆောင်လို့
ပြည့်သားမောင် တပ်မတော်ကြီးကို
ဖြည့်ဆည်းကူညီ။
စစ်သည်တို့ဆင်နွှဲတဲ့
တရားသောစစ်ပွဲ အောင်ရမည်
ယုံကြည်အားပေး ပြည့်နောင်ရေး။
တပ်မတော်ကိုချစ်ကြည်
စစ်သည်ကိုတန်ဖိုးထားလို့
အမုန်ကိုးစားကာ မြန်မာ့မော်ကွန်း
ထွန်းသစ်ဖို့တွေး။ ။

(၈၁ နှစ်မြောက် တပ်မတော်နေ့နှင့် ပြည်ထောင်စု တပ်မတော်ကြီးကို လေးစားဂုဏ်ပြုလျက်)

ဇော်မင်းမင်းဦး

## ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို




နေပြည်တော် မတ် ၂၂

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃)သို့ တက်ရောက်ကြမည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား အောင်သပြေပန်းများ၊ စားသောက်ဖွယ်ရာများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြို့သစ်မြို့နယ်၌ လျှော်ဘေးအန္တရာယ် အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေ



မြို့သစ် မတ် ၂၂

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ လျှော်ဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ရမည့်အချက်များကို ပြည်သူများ သိရှိစေရန်အတွက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ လျှော်ဘေးအန္တရာယ် အသိပေး နှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များသို့ အသံချဲ့စက်ဖြင့် အသိပညာပေး နှိုးဆော် ဆောင်ရွက်သည်။

ထိုသို့ အသိပညာပေးနှိုးဆော်ဆောင်ရွက်ရာတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်ငါးရပ်ကွက်နှင့် လူစည်ကားရာနေရာများသို့ လှည့်လည်ကာ အသံချဲ့စက်ဖြင့် လျှော်ဘေးအန္တရာယ်နှင့် ပတ်သက်သည့် ကြိုတင်ပြင်ဆင်ရန် အချက်များ၊ လျှော်လှုပ်နေစဉ်တွင် သတိပြုလိုက်နာရမည့် အချက်များ၊ လျှော်လှုပ်နေစဉ်တွင် ရှောင်ရှားရမည့်အချက်များ၊ လျှော်လှုပ်ပြီးနောက် သတိပြုဆောင်ရွက်ရမည့်အချက်များနှင့် ပတ်သက်၍ အကူအညီ တောင်းခံနိုင်သည့် Hot-Line ဖုန်းနံပါတ်များအား အသိပညာပေးနှိုးဆော်ပြီး လျှော်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဝင်းအိဇွန်(ပြန်/ဆက်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။





၂၀-၃-၂၀၂၆ ရက်နေ့တွင် လဲချားမြို့နယ် ကောင်းစံကျေးရွာအနီး သိမ်းဆည်းရမိခဲ့သည့် တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ယာယီအဆောက်အအုံများအား စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့မှုအား တွေ့ရစဉ်။

● *ကျောဖုံးမှ*

လိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင် ဝင်ရောက်နေထိုင်မှု မရှိစေရေးတို့ကို အသေးစိတ် စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ကောင်းစံကျေးရွာ အနီးတစ်ဝိုက်တွင် နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် မတ် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် အဆိုပါ ကျေးရွာအနီးတစ်ဝိုက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့သည့်သတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

**စနစ်တကျ မီးရှို့ဖျက်ဆီး**

ယနေ့တွင်လည်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲခန့်တွင် လဲချားမြို့နယ် ခိုဟိုင်းကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၅၀၀ ခန့်အကွာ၌ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ငါးဦးတို့ကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မတ် ၂၀ ရက်တွင် ကောင်းစံကျေးရွာအနီး သိမ်းဆည်းရမိခဲ့သည့် တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ယာယီအဆောက်အအုံများအား စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




လဲချားမြို့ ခိုဟိုင်းကျေးရွာအနီး တရားမဝင်အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူ ပြည်ပနိုင်ငံသားများအား ဖမ်းဆီးရမိသည့် နေရာပြပုံ

○ *ကျောဖုံးမှ*

ပြိုင်ပွဲစုံလေးပွဲဆက် ရှုံးနိမ့်မှုနှင့် ရင်ဆိုင်ခဲ့ရသည်။

အဲဗာတန်အသင်းဂိုးသမား ဂျော်ဒန်ပစ်ဖို့ဒ်သည် ချယ်ဆီးအသင်း၏ ဂိုးရရှိနိုင်သည့် အခွင့်အရေးများစွာကို လက်စွမ်းပြကာကွယ်နိုင်ခဲ့သောကြောင့် အသင်းနှင့်၎င်း၏ ပွဲ ၁၀၀ မြောက် ဂိုးမပေးရသည့် မှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။ ၎င်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်တွင် ဂိုးမပေးရအောင် ၁၁ ပွဲအထိ စွမ်းဆောင်ထားနိုင်ပြီလည်းဖြစ်သည်။ အဲဗာတန်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သောကြောင့် ရမှတ် ၄၆ မှတ်ဖြင့် ဥရောပဝင်ခွင့်ရရှိရေး မျှော်လင့်ချက် ပိုမိုအားကောင်းလာခဲ့သည်။

ချယ်ဆီးအသင်းသည် ယခုပွဲစဉ်မတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ပီအက်စ်ဂျီအသင်းကို သုံးဂိုးပြတ် ရှုံးနိမ့်ထားသည်။ ထို့ပြင် ချယ်ဆီးအသင်းသည် ပြိုင်ပွဲစုံ နောက်ဆုံးသုံးပွဲဆက်တွင် ပြိုင်ဘက်ကို ဂိုးသွင်းယူထားနိုင်ခြင်းမရှိဘဲ ပေးဂိုး ခုနစ်ဂိုးအထိ ခွင့်ပြုပေးထားရသည်။

အခြားပွဲစဉ်ရလဒ်များတွင် ဘရိုက်တန်က လီဗာပူးကို နှစ်ဂိုး-တစ်ဂိုး၊ ဖူလ်ဟမ်က တစ်ယောက်လျော့ ဘန်လေကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဘန်လေအသင်းသည် ဖူလ်ဟမ်ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်အတွက် ပရီမီယာလိဂ်ရှုံးပွဲ ၁၉ ပွဲအထိ ရှိလာပြီး ရမှတ် ၂၀ ဖြင့် တန်းဆင်းဇုန်အတွင်း ဆက်လက်ရပ်တည်နေသည်။ လိဒ်စ်နှင့် ဘရန့်ဖို့ဒ်အသင်းပွဲစဉ်တွင် လိဒ်စ်က ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ဂိုးမရှိသရေရလဒ်ဖြင့် အဆုံးသတ်ခဲ့သည်။ **အောင်ဇော်**

## ပွင့်ဖြူမြို့နယ်၌ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

ပွင့်ဖြူ မတ် ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြီး ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်နှင့် မီးဘေးကြိုတင်ကာကွယ်နိုင်ရန်အတွက် ယမန်နေ့က မြို့ပေါ်ရပ်ကွက်များသို့ သွားရောက်၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် မီးဘေးသတိမူရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးမှ လျှပ်စစ်မန်နေဂျာ ဦးမျိုးမင်းနိုင် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများနှင့်အတူ ပွင့်ဖြူမြို့ သက်တော်ရှည်ရပ်ကွက်နှင့် အလယ်ပိုင်းရပ်ကွက်သို့ သွားရောက်၍ ပြည်သူများနှင့် တွေ့ဆုံကာ ပူပြင်းခြောက်သွေ့သောကာလသို့ ရောက်ရှိလာပြီဖြစ်၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်များ၊ မီးလောင်မှု/ မီးလန့်မှုများ မဖြစ်ပေါ်စေရေး ဂရုပြုဆောင်ရွက်ရမည့် မီးဘေးလုံခြုံရေးဆိုင်ရာများကို အသိပညာပေးရှင်းလင်းဆွေးနွေးပြောကြားပြီး နေအိမ်အဆောက်အအုံများတွင် တပ်ဆင်ထားရှိသော လျှပ်စစ်မိန်းခုံများနှင့် လျှပ်စစ်ဝိုင်ယာကြိုးများ အရည်အသွေးကောင်းမွန်မှု ရှိ/ မရှိ လိုက်လံကြည့်ရှုစစ်ဆေးကာ မလိုအပ်ဘဲ လျှပ်စစ်မီးများ ထွန်းညှိခြင်းမပြုကြရန်၊ လျှပ်စစ်မီး သုံးစွဲပြီးပါက မီးခလုတ်များကို စနစ်တကျ ပိတ်ထားရန် အကြံပြုဆွေးနွေး မှာကြားပြီး လျှပ်စစ်အန္တရာယ် သတိပေးပိုစတာများ ကပ်ထားခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# အမျိုးသမီးကို တရုတ်ဇနီးမယားအဖြစ် ပေါင်းသင်းခဲ့သော တရုတ်နိုင်ငံသားနှင့် ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူတို့ကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မတ် ၂၂**

အမျိုးသမီးကို တရုတ်ဇနီးမယားအဖြစ် ပေါင်းသင်းခဲ့သော တရုတ်နိုင်ငံသားနှင့် ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူတို့ကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကုက္ကိုတန်းကျေးရွာအုပ်စုနေ အမျိုးသမီးတစ်ဦးကို တစ်ရွာတည်းနေ တရုတ်နိုင်ငံမှ ခေတ္တပြန်လာသူ မသဲသဲဦးက တရုတ်ယောကျ်ားနှင့် ပေါင်းသင်းနေထိုင်ပါက ယွမ် ၈၀၀၀၀ ရမည်၊ ကောင်းမွန်စွာ နေထိုင်စားသောက်ဝတ်ဆင်ရမည်ဟု စည်းရုံးပြောဆိုပြီး Wechat အကောင့်ဖွင့်ပေး၍ တရုတ်နိုင်ငံသို့ ပြန်သွားခဲ့ကြောင်း၊ တစ်လခန့်အကြာ Wechat မှတစ်ဆင့် ဆက်သွယ်လာခဲ့ပြီး အမျိုးသမီးနှင့် ပေါင်းသင်းနေထိုင်ရမည့် တရုတ်အမျိုးသားကို မြန်မာနိုင်ငံသို့ ခေါ်ဆောင်လာမည်ဖြစ်၍ မန္တလေးလေဆိပ်တွင် လာရောက်စောင့်ကြိုရန် ပြောကြားသဖြင့် သွားရောက်စောင့်ကြိုခဲ့ရာ မသဲသဲဦးနှင့်အတူ တရုတ်နိုင်ငံသား လင်းဟုန်း(LIN HONG)ကို တွေ့ရှိခဲ့ရသည်။

ထို့နောက် တရုတ်နိုင်ငံသား လင်းဟုန်း(LIN HONG)နှင့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ ဟိုတယ်တစ်ခုတွင် နှစ်ရက်ခန့်ပေါင်းသင်းနေထိုင်ပြီးနောက် ရွာရှိနေအိမ်သို့ ပြန်လာ၍ ပေါင်းသင်းနေထိုင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသားနှင့် ပေါင်းသင်းနေထိုင်ခအဖြစ် မသဲသဲဦးက အမျိုးသမီးကို ငွေကျပ် သိန်း ၁၂၀ ပေးခဲ့ပြီး ၎င်းမှ ယွမ် ၂၀၀၀ ရယူခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(မိတ္ထီလာ)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ သာစည်မြို့မရဲစခန်း(ပ)၃၁/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး မတ် ၁၉ ရက်တွင် မိတ္ထီလာခရိုင်တရားရုံးမှ တရားခံ တရုတ်နိုင်ငံသား လင်းဟုန်း(LIN HONG)နှင့် မသဲသဲဦးတို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မိန်းကလေးတစ်ဦးသည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် မိခင်ဖြစ်သူနှင့် စကားများရန်ဖြစ်ပြီး မန္တလေးမြို့ရှိ “မေ” တည်းခိုခန်းတွင် တည်းခိုနေထိုင်စဉ် လူမှုကွန်ရက် Telegram(အမည်မမှတ်မိ)အကောင့်ပိုင်ရှင် မယမင်းထွေးက တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ငွေကျပ်သိန်း ၁၀၀ ရရှိမည်၊ လမ်းစရိတ်ကုန်ကျခံ၍ ခေါ်ပေးမည်ဟု ရေးသားထားသည်ကို တွေ့ရှိရသဖြင့် ဆက်သွယ်ရာ တည်းခိုခန်းသို့ မယမင်းထွေးစေလွှတ်လိုက်သည့် မူဆယ်မြို့ ဟိုနားရပ်ကွက်နေ မောင်ရဲမာန်အောင်(ခ)ရဲမာန်က လာရောက်ခေါ်ဆောင်ပြီး ဆေးစစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊ အဝတ်အစားများဝယ်ပေးခြင်းတို့ ဆောင်ရွက်ခဲ့ပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် မန္တလေးမှ လားရှိုးသို့ ခေါ်ဆောင်လာစဉ် ပြင်ဦးလွင်မြို့အထွက် စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးရမိသဖြင့် အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ပြင်ဦးလွင်မြို့နယ် ပိတ်ချင်းမြောင်နယ်မြေရဲစခန်း (ပ)၆၀/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ပို့ခဲ့ပြီး မတ် ၁၉ ရက်တွင် ပြင်ဦးလွင်ခရိုင် တရားရုံးမှ တရားခံ ရဲမာန်အောင်(ခ)ရဲမာန်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန်နှင့် တိမ်းရှောင်တရားခံ မယမင်းထွေးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ကျင့် ၅၁၂ အရ ကျင့် ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## KIP ဆိပ်ကမ်းသို့ ဆီတင်သင်္ဘောဆိုက်ကပ်၊ စားသုံးဆီနှင့် စက်မှုကုန်ကြမ်းများ စတင်ဖြန့်ဖြူး

**ရန်ကုန် မတ် ၂၂**




ပြည်တွင်းစားသုံးဆီ ဖူလုံမှုရှိစေရန်နှင့် စက်မှုကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သောကုန်ကြမ်းများ အချိန်မီဖြန့်ဖြူးနိုင်ရန် ရည်ရွယ်၍ MT TIRTASARI ဆီတင်သင်္ဘောသည် ရန်ကုန်မြို့ (K.I.P Port) သို့ မတ် ၂၁ ရက် ညပိုင်းက ဆိုက်ကပ်ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သင်္ဘောပေါ်တွင် ပါရှိသော ဆီများ၏ အရည်အသွေးနှင့် အလေးချိန် တိကျမှန်ကန်မှုရှိစေရန်အတွက် စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးရေးကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ ဦးဆောင်၍ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနမှ အဖွဲ့ဝင်များ၊ ကုန်ကြီးကြပ်ရေးအဖွဲ့နှင့် MITS အဖွဲ့တို့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

MT TIRTASARI သင်္ဘောသည် ယမန်နေ့ ညအချိန်တွင် ကုန်ချလုပ်ငန်းစဉ်များ စတင်ဆောင်ရွက်ခဲ့ပြီး ည ၁၁ နာရီခန့်တွင် လုပ်ငန်းအားလုံး ပြီးစီးခဲ့ကြောင်းနှင့် ယခုကဲ့သို့ စနစ်တကျ စစ်ဆေးတင်သွင်းခြင်းကြောင့် ပြည်သူများထံသို့ အရည်အသွေးမီ စားသုံးဆီများကို စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်မိုး**

## စစ်ကိုင်းမြို့ မီးရထားဒီဇယ်စက်ခေါင်းစက်ရုံ၌ မီးဘေးကာကွယ်ရေး အသိပညာပေးဟောပြော

**စစ်ကိုင်း မတ် ၂၂**

စစ်ကိုင်းမြို့နယ်မီးသတ်ဦးစီးဌာနမှ မြန်မာ့မီးရထားဒီဇယ်စက်ခေါင်းစက်ရုံရှိ ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့က ဒီဇယ်စက်ခေါင်းစက်ရုံရှိ ခန်းမ၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ဟန်က မီးလောင်မှုမဖြစ်ပေါ်စေရေး၊ မီးလောင်မှုဖြစ်ပွားပါက မြန်မြန်သိ၍ မြန်မြန်ငြိမ်းသတ်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ထိရောက်လျင်မြန်စွာ မီးငြိမ်းသတ်ရေးစနစ်များ ထပ်မံဖြည့်တင်းတပ်ဆင်နိုင်ရေး၊ ဆက်သွယ်ရေးစနစ်များ ကောင်းမွန်စေရေး၊ လောင်စာသိုလှောင်ထားရှိမှု၊ ဝင်လမ်းထွက်လမ်းများ ကောင်းမွန်စေရေး၊ အရေးပေါ်ရေလုံလောက်စွာ ရရှိစေရေး၊ မီးသတ်ဆေးဘူး အသုံးပြုတတ်စေရေး၊ 191 Report Application ကို တွင်တွင်ကျယ်ကျယ် အသုံးပြုတတ်စေရေး အသိပညာပေးဟောပြောပြီး လက်တွေ့မီးငြိမ်းသတ်နည်းများ သရုပ်ပြသခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**



## လားရှိုးမြို့ မြို့မဈေးကြီး၌ အပူဒဏ်အန္တရာယ် ကာကွယ်နိုင်ရေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**လားရှိုး မတ် ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်ရုံးမှ အပူဒဏ်အန္တရာယ်ကာကွယ်နိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်များ အများပြည်သူ ဖတ်ရှုလေ့လာနိုင်ရေး အခမဲ့ဖြန့်ဝေခြင်းကို ယမန်နေ့က လားရှိုးမြို့ မြို့မဈေးကြီး၌ ဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး(လားရှိုး)နှင့် လားရှိုးခရိုင်ရုံးမှ ဝန်ထမ်းများက အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ရှောင်ကြဉ်ရန်အချက်များ၊ သတိပြုရမည့် အပူဒဏ်အန္တရာယ်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက လိုက်နာရမည်များ၊ အပူဒဏ်အန္တရာယ် အထူးသတိပြုရမည့်သူများ၊ အပူဒဏ်ကြောင့် သတိလစ်ခြင်း ခံစားနေရသည့် လူနာအား အရေးပေါ်ရှေးဦးပြုစုရန်နည်းလမ်းများ စသည့်အကြောင်းအရာများ ပါဝင်သည့် အပူဒဏ်အန္တရာယ် ကာကွယ်နိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို မြို့မဈေးကြီးအတွင်းရှိ ဈေးရောင်းဈေးဝယ် ပြည်သူများ ဖတ်ရှုလေ့လာနိုင်ရေး အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လူမော်(ပြန်/ဆက်)**

## မီးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြု

**နေပြည်တော် မတ် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။

# မြေသံကို နားထောင်မှ လယ်ယာစီးပွားရေး ဖွံ့ဖြိုးမည်

**လယ်ယာစီးပွားရေးသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေဆဲဖြစ်ပြီး လူဦးရေအများစု၏ အသက်မွေးဝမ်းကျောင်း အခြေခံလည်း ဖြစ်သည်။ မြန်မာနိုင်ငံ၌ ကျေးလက်နေပြည်သူအများစု၏ နံနက်ခင်းများသည် အများအားဖြင့် လယ်ကွင်းများအတွင်း စပါးရွက်ပေါ်ကျလာသည့် နှင်းစက်အသံများဖြင့် စတင်ကြရသည်။**

**သန်းဇော် (ဗဟိုစာရင်းအင်းအဖွဲ့)**

လယ်ယာသည် မြန်မာနိုင်ငံ၏ အတိတ်ဖြစ်ခဲ့သလို ယနေ့၏ အသက်ရှူသံလည်းဖြစ်ပြီး မနက်ဖြန်၏ အခြေခံလည်းဖြစ်သည်။ သို့သော် လယ်ယာကဏ္ဍသည် ထုတ်လုပ်မှုနိမ့်ကျခြင်း၊ နည်းပညာအသုံးချမှုအားနည်းခြင်း၊ ဈေးကွက်မတည်ငြိမ်ခြင်းစသည့် အားနည်းချက်များကြောင့် ဖွံ့ဖြိုးတိုးတက်မှုတွင် အကန့်အသတ် ကြုံတွေ့နေရဆဲဖြစ်သည်။

ကုန်စည်တစ်ခု ထုတ်လုပ်မည်ဆိုပါက သွင်းအားစုအဖြစ် မြေယာ၊ လုပ်အား၊ အရင်းအနှီးကို နည်းပညာနှင့်တွဲဖက်သုံးစွဲရသည်။ လယ်ယာထုတ်ကုန်တွင်မူ မြေယာသည် အခြေခံအကျဆုံး သွင်းအားစုဖြစ်ပြီး လုပ်အားမှာ အဓိကသွင်းအားစု ဖြစ်ပါသည်။ လယ်ယာလုပ်ငန်းသည် လုပ်သားစူးစိုက် အသုံးပြုရသည့်လုပ်ငန်းဖြစ်သောကြောင့် လယ်ယာစီးပွားရေးဖွံ့ဖြိုးမှုသည် လယ်သမားများအပေါ် အဓိက မူတည်ပါသည်။ လယ်ယာဖွံ့ဖြိုးရေးကို စိုက်ဧက၊ အထွက်နှုန်း၊ အထွက်၊ ထွန်စက်အရေအတွက်စသည့် ကိန်းဂဏန်းများကိုသာ အသုံးပြု၍ ရည်ညွှန်းကြသည်။ သို့သော် လယ်ယာဖွံ့ဖြိုးရေး၏အစကို လယ်သမားတစ်ဦးချင်းစီ၏ လယ်ယာပိုင်ဆိုင်မှုအပေါ် ယုံကြည်စိတ်ချမှုနှင့် စိတ်နှစ်ဆောင်ရွက်နိုင်မှုဖြင့် စတင်ရမည် ဖြစ်ပါသည်။

လယ်သမားများသည် ပြောင်းလဲလာသော ရာသီဥတုကြောင့် သဘာဝဘေးအန္တရာယ်များဖြစ်သည့် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုခြင်းကို ခံစားရသည့်အပြင် ချေးငွေအတိုးကြီးများကို ထမ်းပိုးနေရမည်ဆိုပါက မနက်ဖြန်အတွက် ရင်းနှီးမြှုပ်နှံမှုရှိလာနိုင်မည် မဟုတ်ပါ။ လယ်သမားများ လယ်ယာအပေါ် ရင်းနှီးမြှုပ်နှံမှု မပြုနိုင်လျှင် လယ်ယာစီးပွားရေး တိုးတက်မှုတွင် အဟန့်အတား ဖြစ်နေမည် ဖြစ်ပါသည်။

> ❑ **ခေတ်မီလယ်ယာဆိုသည်မှာ စက်ကြီးများသုံးခြင်းတစ်ခုတည်း မဟုတ်ပါ။ ရေကို ပြန်းတီးမှုမရှိဘဲ စနစ်တကျအသုံးချနိုင်ခြင်း၊ မျိုးစေ့ကို သိပ္ပံနည်းကျရွေးချယ်နိုင်ခြင်း၊ ရောဂါနှင့် ရာသီဥတုကို ကြိုတင်ခန့်မှန်းနိုင်ခြင်းတို့ အားလုံးပါဝင်သည်။ နည်းပညာသည် လယ်သမားကို အစားထိုးရန်မဟုတ်ဘဲ လယ်သမား၏ လက်ရုံးတစ်ဖက် ဖြစ်လာရပါမည်။**
>
> ❑ **ထို့အပြင် လယ်ယာနှင့် ချိတ်ဆက်ထားသည့် ဈေးကွက်သည် လယ်သမား၏ အဆုံးအဖြတ်နှင့် လုပ်ချင်ကိုင်ချင်စိတ်ကို ခိုင်မာစေမည် ဖြစ်ပါသည်။ စိုက်ပျိုးရာတွင် အောင်မြင်သော်လည်း ရောင်းချရာတွင် အရှုံးပေါ်နေသရွေ့ လယ်ယာစီးပွားဖွံ့ဖြိုးမှုကို ခက်ခဲစေမည် ဖြစ်ပါသည်။ ထို့ကြောင့် ကြားခံများ လျှော့နည်းသည့်စနစ်၊ ဈေးနှုန်းတည်ငြိမ်မှုရှိသည့် မူဝါဒများသည် လယ်ယာဖွံ့ဖြိုးရေး၏ အရေးပါသောအချက်များဖြစ်**

ခေတ်မီလယ်ယာဆိုသည်မှာ စက်ကြီးများသုံးခြင်းတစ်ခုတည်း မဟုတ်ပါ။ ရေကို ပြန်းတီးမှုမရှိဘဲ စနစ်တကျအသုံးချနိုင်ခြင်း၊ မျိုးစေ့ကို သိပ္ပံနည်းကျရွေးချယ်နိုင်ခြင်း၊ ရောဂါနှင့် ရာသီဥတုကို ကြိုတင်ခန့်မှန်းနိုင်ခြင်းတို့ အားလုံးပါဝင်သည်။ နည်းပညာသည် လယ်သမားကို အစားထိုးရန်မဟုတ်ဘဲ လယ်သမား၏ လက်ရုံးတစ်ဖက် ဖြစ်လာရပါမည်။

ထို့အပြင် လယ်ယာနှင့် ချိတ်ဆက်ထားသည့် ဈေးကွက်သည် လယ်သမား၏ အဆုံးအဖြတ်နှင့် လုပ်ချင်ကိုင်ချင်စိတ်ကို ခိုင်မာစေမည် ဖြစ်ပါသည်။ စိုက်ပျိုးရာတွင် အောင်မြင်သော်လည်း ရောင်းချရာတွင် အရှုံးပေါ်နေသရွေ့ လယ်ယာစီးပွားဖွံ့ဖြိုးမှုကို ခက်ခဲစေမည် ဖြစ်ပါသည်။ ထို့ကြောင့် ကြားခံများ လျှော့နည်းသည့်စနစ်၊ ဈေးနှုန်းတည်ငြိမ်မှုရှိသည့် မူဝါဒများသည် လယ်ယာဖွံ့ဖြိုးရေး၏ အရေးပါသော အချက်များ ဖြစ်သည်။

အခြားတစ်ဖက်တွင် မြန်မာ့လယ်ယာသည် ကုန်ကြမ်းထွက်ကုန်အဖြစ်သာ ရပ်တန့်နေမည်ဆိုပါက တန်ဖိုးတိုးတက်မှု နည်းပါးနေမည်ဖြစ်ပါသည်။ စပါးကို ဆန်အဖြစ်သာ မရောင်းဘဲ အစားအသောက်ပုံစံ ထုတ်လုပ်မှု၊ ထုပ်ပိုးမှုတို့ဖြင့် ဆင့်တက်ကုန်စည်ထုတ်လုပ်၊ တင်ပို့မှုအထိ ချဲ့ထွင်နိုင်ပါက လယ်ယာသည် စက်မှုနှင့်ချိတ်ဆက်သည့် စီးပွားရေးဖြစ်လာပါမည်။

### မြန်မာ့စီးပွားရေးတွင် လယ်ယာကဏ္ဍ၏ အရေးပါမှု

၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍသည် နိုင်ငံ၏ အစားအစာလုံခြုံရေးကို ဖြည့်ဆည်းပေးသည့်အပြင် စုစုပေါင်း အလုပ်အကိုင်၏ ၄၆ ဒသမ ၅၈ ရာခိုင်နှုန်းကို ထောက်ပံ့ပေးနေပြီး အမျိုးသား အလုပ်သမားများ၏ ၄၉ ဒသမ ၇၈ ရာခိုင်နှုန်းနှင့် အမျိုးသမီး အလုပ်သမားများ၏ ၄၂ ဒသမ ၀၂ ရာခိုင်နှုန်း ပါဝင်ပါသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၏ စီးပွားရေးဖွဲ့စည်းမှု ပုံသဏ္ဌာန်အရ လယ်ယာကဏ္ဍကြီးမှ ၂၅ ဒသမ ၃ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီးမှ ၃၆ ဒသမ ၂ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးမှ ၃၈ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်သဖြင့် စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများနှင့် နှိုင်းယှဉ်လျှင် လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုနှုန်းနှင့် တန်ဖိုးဖန်တီးနိုင်မှုမှာ နိမ့်ကျနေဆဲ ဖြစ်ပါသည်။

### နိုင်ငံတော်၏ ဦးတည်ချက်ပါ လယ်ယာစီးပွားဖွံ့ဖြိုးရေး

နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေး ဦးတည်ချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရာတွင် လယ်ယာစီးပွားဖွံ့ဖြိုးစေရေးကို ဦးတည်ချက်များတွင် အောက်ပါအတိုင်း ထည့်သွင်းရေးဆွဲခဲ့ကြပါသည်-

(က) စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(င) နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

### လူမှုစီးပွားဘဝများ တိုးတက်ရေး

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို လုပ်ကိုင်နေသည့် ကျေးလက်နေ ပြည်သူများမှာ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ရှိသည့်အတွက် လယ်ယာလုပ်ငန်းများကို အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် အလွန်အရေးကြီးပါသည်။ စပါးအပါအဝင် သီးနှံများကို စိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းဆိုသည့် နည်းလမ်းလေးရပ်ကို စနစ်တကျလက်တွေ့ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

မျိုးကောင်းမျိုးသန့်များသုံးစွဲခြင်း၊ မြေများကို စနစ်တကျ ပြုပြင်ခြင်း၊ သတ်မှတ်သွင်းအားစုများ လုံလုံလောက်လောက် ထည့်သွင်းပေးခြင်း၊ စိုက်ပျိုးရေများကို စနစ်တကျသုံးစွဲခြင်း၊ စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးခြင်းနှင့် ခေတ်မီနည်းစနစ်အသုံးပြုခြင်းတို့ကို လိုက်နာလုပ်ဆောင်ကြရမည်ဖြစ်သည်။ တစ်နှစ်သုံးသီး စိုက်ပျိုးရေးနှင့် သီးထပ်သီးညှပ် တိုးချဲ့စိုက်ပျိုးရေးကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ တောင်သူလယ်သမားတို့၏ လယ်ယာစီးပွားလုပ်ငန်းများ အောင်မြင်မှသာ ၎င်းတို့၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်ဖြစ်သည်။

> ❑ **မျိုးကောင်းမျိုးသန့်များသုံးစွဲခြင်း၊ မြေများကို စနစ်တကျပြုပြင်ခြင်း၊ သတ်မှတ်သွင်းအားစုများ လုံလုံလောက်လောက် ထည့်သွင်းပေးခြင်း၊ စိုက်ပျိုးရေများကို စနစ်တကျသုံးစွဲခြင်း၊ စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးခြင်းနှင့် ခေတ်မီနည်းစနစ်အသုံးပြုခြင်းတို့ကို လိုက်နာလုပ်ဆောင်ကြရမည်၊ တစ်နှစ်သုံးသီး စိုက်ပျိုးရေးနှင့် သီးထပ်သီးညှပ် တိုးချဲ့စိုက်ပျိုးရေးကို ဆောင်ရွက်ကြရမည်၊ တောင်သူလယ်သမားတို့၏ လယ်ယာစီးပွားလုပ်ငန်းများ အောင်မြင်မှသာ ၎င်းတို့၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်**

### လယ်ယာဖွံ့ဖြိုးရေးအတွက် အဓိကစိန်ခေါ်မှုများ

မြန်မာ့လယ်ယာထုတ်လုပ်မှုသည် ရာသီဥတုအပေါ် မူတည်နေဆဲဖြစ်ပြီး နည်းပညာအသုံးချမှု နည်းပါးသည့်အတွက် ထုတ်လုပ်မှုနှုန်းမတည်ငြိမ်ဘဲ နိမ့်ကျနေသည်။ မျိုးစေ့အရည်အသွေး၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် စက်မှုလယ်ယာအသုံးပြုမှုတို့တွင် အားနည်းချက်များရှိနေဆဲဖြစ်သည်။

လယ်ယာထွက်ကုန်များသည် ကုန်ကြမ်းအဖြစ်သာ ရပ်တန့်နေပြီး ဆင့်တက်တန်ဖိုးထုတ်ကုန်လုပ်ငန်းဖြစ်သည့် စက်မှုလုပ်ငန်းများနှင့် လုံလောက်စွာ ချိတ်ဆက်မထားနိုင်ခြင်းကြောင့်လည်း လယ်သမား၏ ဝင်ငွေတည်ငြိမ်မှုတွင် အားနည်းနေဆဲ ဖြစ်နေသေးသည်။

### လယ်ယာစီးပွားရေး ဖွံ့ဖြိုးရေး

ပထမဦးစွာ လယ်သမား၏ လူမှုစီးပွားရေးအခြေခံကို တည်ငြိမ်စေရန် မြေယာပိုင်ဆိုင်ခွင့်အာမခံမှု၊ ချေးငွေလက်လှမ်းမီမှုနှင့် လယ်ယာအာမခံစနစ်များကို တိုးတက်အောင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

## ဒုတိယအကြိမ် ရွှေပြည်သာမြို့နယ်လုံးဆိုင်ရာ ပါဠိပထမပြန်စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲကျင်းပ

**ရန်ကုန် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်လုံးဆိုင်ရာ ပါဠိပထမပြန်စာအောင် သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၁ ရက်က မြို့နယ်သာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပသည်။**(ယာပုံ)**



အခမ်းအနားတွင် နိုင်ငံတော်သံဃနာယကအဖွဲ့ဝင် လှိုင်ရတနာပရိယတ္တိဆရာတော်ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကာ သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ် တရားတော်များကို ရွတ်ဖတ်ပူဇော်ကြသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးက ၂၀၂၆ ခုနှစ် စာအောင်သံဃာတော်များအား ဆုချီးမြှင့်ခြင်း၊ အောင်လက်မှတ်ဆက်ကပ်ခြင်းနှင့် ပတ်သက်၍ သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ရွှေပြည်သာပရိယတ္တိကျောင်းဆရာတော်ထံမှ စူဠဘွဲ့နှင်းသဘင်ချီးမြှင့်ခြင်း ရေစက်ချအနုမောဒနာတရား နာယူကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်မေသွယ်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက စာအောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းပြီး ကြွရောက်တော်မူလာကြသော ဆရာတော်ကြီး ၃၃ ပါး၊ စာအောင်သံဃာတော်များ၊ သီလရှင်ဆရာလေးများ ၁၀၉ ပါး စုစုပေါင်း ၁၄၂ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူခဲ့သည်။ **နေမျိုးထွန်း(ပြန်/ဆက်)**

## ကာလိမြို့၌ ကွန်ပန်-ကွန်ခုံး အလွတ်တန်း ဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲ စတင်ဖွင့်

**ကာလိ မတ် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကာလိမြို့၌ ထူးချွန်ထက်မြက်သော အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကွန်ပန်-ကွန်ခုံး အလွတ်တန်း ဖိတ်ခေါ်ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက်က ကာလိမြို့ အမှတ်(၄)ရပ်ကွက် ဘောလုံးအားကစားကွင်း၌ ကျင်းပရာ မြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ကာလိမြို့ မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဧည့်သည်တော်များ တက်ရောက်သည်။

ဦးစွာ ကွင်းအတွင်းသို့ အားကစားသမားများ နေရာယူပြီးနောက် ကွန်ဟိန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က အမှာစကား ပြောကြားသည်။ ထို့နောက် မြို့အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက်သည်။ ယင်းနောက် ကွန်ပန်-ကွန်ခုံး အလွတ်တန်း ဖိတ်ခေါ်ဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲအဖြစ် ကာလိ (FC)(A)အသင်းနှင့် လွိုင်ဖာ (FC)(A)အသင်းတို့ ယှဉ်ပြိုင်ပြီး ကာလိ(FC)(A)အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပထမဆု ငွေကျပ် သိန်း၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်း၊ တတိယဆု ငွေကျပ် ၁၀ သိန်းနှင့် စတုတ္ထဆု ငွေကျပ် ငါးသိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း ဘောလုံးပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။ **စည်သူ(ပြန်/ဆက်)**



## (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နားခံကျေးရွာကုန်ထုတ်လမ်းနှင့် တံတားသစ်ဖွင့်

**မိုးနဲ မတ် ၂၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိုးနဲမြို့နယ် နားခံကျေးရွာ ကုန်ထုတ်လမ်းနှင့် တံတားသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက နားခံကျေးရွာကုန်ထုတ်လမ်းပေါ်၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။



ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်ခိုင်က ကျေးလက်နေတောင်သူများ၏ လယ်ယာကေများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန်နှင့် ကုန်ထုတ်လမ်း/တံတား ဖောက်လုပ်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားကာ ကျေးရွာရှိ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် နမ့်စန်ခရိုင်ဦးစီးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများက (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာကုန်ထုတ်လမ်း မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**

**ဆန့်ကျင်မူးယစ်ဆေး**

*စာမျက်နှာ ၁၀ မှ*

> ❑ **လယ်ယာစီးပွားရေးဖွံ့ဖြိုးမှုသည် ရာသီဥတုအပေါ် မူတည်နေသည်မှာ မှန်ကန်သော်လည်း မူဝါဒမှန်ကန်မှု၊ လူမှန်နေရာမှန် အသုံးချမှုနှင့် မြေသံကိုနားထောင်နိုင်သည့် စိတ်ထားအပေါ်တွင် ပို၍မူတည်နေသည်ကို သတိချပ်ရမည်။ မြေကြီးက တောင်းဆိုမှုကို မလုပ်တတ်သော်လည်း အသံနားထောင်နိုင်သူကိုသာ ပြန်လည်ပေးဆပ်ပါသည်**
>
> ❑ **လယ်ယာစီးပွားရေးဖွံ့ဖြိုးမှုသည် သဘာဝအရင်းအမြစ်ပေါ်များခြင်းတစ်ခုတည်းအပေါ် မူတည်ခြင်းမဟုတ်ဘဲ လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာနှင့် မူဝါဒမှန်ကန်မှုတို့၏ ပေါင်းစပ်ရလဒ် ဖြစ်ပါသည်။ ထိုအချက်များကို စနစ်တကျချိတ်ဆက်နိုင်ပါက လယ်ယာကဏ္ဍသည် မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှု၏ အဓိကမောင်းနှင်အားအဖြစ် ထူထောင်နိုင်မည်ဖြစ်**

ဒုတိယအနေဖြင့် နည်းပညာအခြေခံလယ်ယာသို့ ကူးပြောင်းနိုင်ရန် စိုက်ပျိုးရေးပညာပေးစနစ်များကို အားကောင်းစေပြီး နည်းပညာအသုံးချမှုကို လယ်သမားအဆင့်အထိ ရောက်ရှိစေရမည် ဖြစ်ပါသည်။

တတိယအနေဖြင့် လယ်ယာထွက်ကုန်များကို ဆင့်တက်တန်ဖိုးလုပ်ငန်းများနှင့် ချိတ်ဆက်၍ ဆင့်တက်ထုတ်ကုန်များ ထုတ်လုပ်စေပြီး ဈေးကွက်တည်ငြိမ်ရေးနှင့် ဝင်ငွေတိုးတက်ရေးကို အာမခံနိုင်သည့် စနစ်များ ဖော်ဆောင်ရမည် ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် လယ်ယာကဏ္ဍကို လူငယ်များအတွက် အနာဂတ်ရှိသော စီးပွားရေးအဖြစ် ပြန်လည်ဖန်တီးနိုင်ရန် နည်းပညာ၊ စီးပွားရေးနှင့် ဆန်းသစ်တီထွင်မှုတို့ကို ပေါင်းစပ်ထားသည့် မူဝါဒများ လိုအပ်ပါသည်။

လယ်ယာကို ဆင်းရဲမှု၏သင်္ကေတအဖြစ် မြင်နေခြင်းကို ရပ်တန့်စေပြီး နည်းပညာနှင့် စီးပွားရေးပေါင်းစပ်ထားသည့် လုပ်ငန်းအသွင် ပြန်လည်ဖန်တီးပြီး လူငယ်များ၏ လယ်ယာအပေါ် စိတ်ဝင်စားမှုကို ပြန်လည်ရရှိစေရန် ဆောင်ရွက်ရန်လည်း လိုပါသည်။

လယ်ယာစီးပွားရေးဖွံ့ဖြိုးမှုသည် ရာသီဥတုအပေါ် မူတည်နေသည်မှာ မှန်ကန်သော်လည်း မူဝါဒမှန်ကန်မှု၊ လူမှန်နေရာမှန် အသုံးချမှုနှင့် မြေသံကိုနားထောင်နိုင်သည့် စိတ်ထားအပေါ်တွင် ပို၍မူတည်နေသည်ကို သတိချပ်ရမည်။ မြေကြီးက တောင်းဆိုမှုကို မလုပ်တတ်သော်လည်း အသံနားထောင်နိုင်သူကိုသာ ပြန်လည်ပေးဆပ်ပါသည်။

လယ်ယာစီးပွားရေး ဖွံ့ဖြိုးမှုသည် သဘာဝအရင်းအမြစ်ပေါ်များခြင်း တစ်ခုတည်းအပေါ် မူတည်ခြင်းမဟုတ်ဘဲ လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာနှင့် မူဝါဒမှန်ကန်မှုတို့၏ ပေါင်းစပ်ရလဒ် ဖြစ်ပါသည်။ ထိုအချက်များကို စနစ်တကျ ချိတ်ဆက်နိုင်ပါက လယ်ယာကဏ္ဍသည် မြန်မာ့စီးပွားရေးဖွံ့ဖြိုးမှု၏ အဓိကမောင်းနှင်အားအဖြစ် ထူထောင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**References:**

- FAO. (2017). The future of food and agriculture – Trends and challenges.
- World Bank. (2019). Transforming agriculture for growth and jobs.
- Ministry of Agriculture, Livestock and Irrigation (MOALI), Myanmar.Agricultural Development Strategies and Policy Documents.
- Asian Development Bank. (2020). Myanmar: Agriculture, Natural Resources, and Rural Development Sector.
- ဗဟိုစာရင်းအင်းအဖွဲ့၊ မြန်မာစာရင်းအင်းလက်စွဲ ၂၀၂၅။

# ပွင့်ဖြူမြို့နယ်၌ ကြက်သွန်နီ ဧက ၉၆၀ နှင့် ကြက်သွန်ဖြူ ဧက၂၀ နုတ်သိမ်းပြီးစီး

**ပွင့်ဖြူ မတ် ၂၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီ ဧက ၉၆၀နှင့် ကြက်သွန်ဖြူ ဧက ၂၀ အထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီ ၁၁၃၅ ဧက၊ ကြက်သွန်ဖြူ ၃၈ ဧကတို့ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကြက်သွန်နီနှင့် ကြက်သွန်ဖြူစိုက်ခင်းများကို ဒေသခံတောင်သူများက ယခုနှစ် ဖေဖော်ဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ကြက်သွန်နီ ဧက ၉၆၀နှင့် ကြက်သွန်ဖြူ ဧက ၂၀ အထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းအနေဖြင့် ကြက်သွန်နီ တစ်ဧကလျှင် ၅၅၀၈ ပိဿာနှင့် ကြက်သွန်ဖြူ တစ်ဧကလျှင် ၃၀၀၆ ပိဿာထွက်ရှိသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ကြက်သွန်နီ ၁၁၃၅ ဧကနဲ့ ကြက်သွန်ဖြူ ၃၈ ဧကတို့ စိုက်ပျိုးနိုင်ခဲ့တယ်။ လက်ရှိမှာ ကြက်သွန်နီနဲ့ ကြက်သွန်ဖြူ စိုက်ခင်းတွေကို သိမ်းဆည်းလျက်ရှိပြီး ဒီနေ့အထိ ကြက်သွန်နီ ဧက ၉၆၀၊ ကြက်သွန်ဖြူ ဧက ၂၀ နုတ်သိမ်းပြီးစီးပြီဖြစ်တယ်။ ကြက်သွန်စိုက်ပျိုး တောင်သူတွေကို အထွက်နှုန်း တိုးတက်စေဖို့နဲ့ စားသုံးသူ ပြည်သူတွေ အစားအစာ ဘေးကင်းလုံခြုံစေဖို့အတွက် ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်အောင်၊ ခေတ်ကင်းလွတ်တဲ့ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) စနစ်နဲ့အညီ စိုက်ပျိုးနိုင်အောင် လိုအပ်တဲ့ စိုက်ပျိုးရေးနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ယခုနှစ် ဆောင်းသီးနှံရာသီတွင် ပွင့်ဖြူမြို့နယ်အတွင်း ကြက်သွန်စိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အထွက်နှုန်းများ ကောင်းမွန်စေရေး၊ အစားအစာ ဘေးကင်းလုံခြုံသော အရည်အသွေးကောင်း ကြက်သွန်များ စိုက်ပျိုးထွက်ရှိရေးအတွက် စိုက်ပျိုးရေးနည်းပညာဆိုင်ရာ တောင်သူပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း၊ စိုက်နည်းစနစ် မှန်ကန်စေရေး ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ပိုးမွှားရောဂါ မကျရောက်စေရန် ကာကွယ်နှိမ်နင်းရေး အသိပညာပေးခြင်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ကြက်သွန်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်(ဖြူ/နီ)ကို ပိုမိုစိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ပေါင်းတည်မြို့နယ်၌ စက်သုံးဆီ ရောင်းချနေမှု ကွင်းဆင်းစစ်ဆေး

**ပေါင်းတည် မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ စက်သုံးဆီ ရောင်းချမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးလျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအာကာစိုး ဦးဆောင်၍ သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့များနှင့်အတူ မြို့နယ်အတွင်းရှိစက်သုံးဆီအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေးခဲ့သည်။(ဓာတ်ပုံ)



ထိုသို့ ပူးပေါင်းအဖွဲ့က စက်သုံးဆီများ ပြတ်လပ်မှု မရှိစေရန်၊ တရားမဝင် ရောင်းချမှုများ မဖြစ်ပေါ်စေရန်၊ ကားများ ဆီဖြည့်ရာ၌ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရန်၊ စက်သုံးဆီများ ရောင်းချရာတွင် ပီပါ၊ ဘူး၊ ပုံးများဖြင့် ဝယ်ယူမှုများရှိပါက ရောင်းချမှုမပြုရန်၊ မော်တော်ယာဉ် တစ်စီးလျှင် တစ်နေ့ တစ်ကြိမ်သာ ရောင်းချရန်၊ အစိုးရသတ်မှတ်ဈေးနှုန်းအတိုင်းသာ ရောင်းချရန်နှင့် မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေး အထူးအလေးထားလိုက်နာဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားကာ ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ရွှေသား(ပြန်/ဆက်)**

# ကျေးရွာချင်းဆက် ကတ္တရာလမ်း ပျက်စီးနေသည့်အပိုင်းများ ပြန်လည်ပြင်ဆင်

**နေပြည်တော် မတ် ၂၂**

နေပြည်တော်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လယ်ဝေးခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)သည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာအုပ်စု၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် နတ်သူရဲ-ပေါစံခေါ-သစ်ဆိမ့်ပင် ကျေးရွာချင်းဆက် ကတ္တရာလမ်း ပျက်စီးနေသည့်အပိုင်းများ ပြန်လည်ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# တိုက်ကြီးမြို့နယ်၌ လျှပ်စစ်ဘေးအန္တရာယ်အကြောင်း အသိပညာပေးဆွေးနွေး

**ရန်ကုန် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ လျှပ်စစ်ဘေးအန္တရာယ် အသိပညာပေးဆွေးနွေးပွဲ Talk Show ကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်နှင့် ဒုတိယဦးစီးမှူး ဒေါ်ခင်နှင်းသက်တို့က လျှပ်စစ်ဘေးအန္တရာယ်အကြောင်း သိကောင်းစရာများ၊ မြန်မာနိုင်ငံတွင် လျှပ်စစ်လှုပ်ရှားမှုဖြစ်ပေါ်စေသည့် အဓိကပြတ်ရွှေ့များ၊ လျှပ်စစ်ဘေးနှင့်ပတ်သက်ပြီး လျှပ်စစ်ဆိုင်ရာ ပညာရှင်များ၏ အကြံပြုချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရေးတို့ကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။




ဝတ်ရည်(ပြန်/ဆက်)

# ပန်းတနော်မြို့နယ်၌ လူငယ်များအတွက် နွေရာသီ အခြေခံဘောလုံးသင်တန်းဖွင့်

**ပန်းတနော် မတ် ၂၂**

ဧရာဝတီ တိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ လူငယ်မောင်မယ်များ ကျန်းမာကြံ့ခိုင်စေရန်နှင့် ဘောလုံးအားကစားနည်းကို စနစ်တကျ တတ်မြောက်စေရန် ရည်ရွယ်သည့် နွေရာသီ အခြေခံဘောလုံး အားကစားသင်တန်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။



အဆိုပါ သင်တန်းဖွင့်ပွဲတွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူး ဦးစိုးမင်းချစ်က အမှာစကားပြောကြားသည်။ သင်တန်းတွင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းပြများက ဘောလုံးအားကစား၏ အခြေခံနည်းစနစ်များ၊ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ၊ အသင်းအဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်မှုနှင့် စည်းကမ်းလိုက်နာမှု တန်ဖိုးများကို စနစ်တကျ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။ ယခုသင်တန်းသို့ ပန်းတနော်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားလူငယ်အများအပြား စိတ်ပါဝင်စားစွာ တက်ရောက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မိုးနှောင်းဝါကောက်သိမ်းနေမှု ကွင်းဆင်းကြည့်ရှု

**ပေါက်ခေါင်း မတ် ၂၂**

ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ဧကလျှင် ကျပ်နှစ်သိန်းနှင့် ညီမျှသော Raga-666 (BT) မျိုးနှင့် သွင်းအားစုများကို ပံ့ပိုးပေးထားသည့် အခြေခံသမဝါယမအသင်း ခုနစ်သင်း၊ အသင်းသား တောင်သူ ၂၈၁ ဦး၏ မိုးနှောင်းဝါသီးနှံစိုက်ဧက ၁၃၀၀ အနက် ရပ်သစ်ကျေးရွာ တိုးတက်အောင် မွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသား ၁၂ ဦး၏ စိုက်ဧက ၁၀၅ ဧက၌ စိုက်ပျိုးထားရှိသော Raga-666 (BT) မိုးနှောင်းဝါစိုက်ခင်း ပဉ္စမအကြိမ်မြောက် ကောက်သိမ်းနေမှုကို မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ရာ တစ်ဧကလျှင် ပျမ်းမျှ ပိဿာ ၁၁၁၀ နှုန်းထွက်ရှိခဲ့ကြောင်း သိရသည်။ **သမဝါယမဦးစီးဌာန**



# တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် မယ်ဆိုင်ချောင်းဘေး၌ ငွေကျပ် ၂ ဒသမ ၁၈ ဘီလီယံခန့်တန်ဖိုးရှိ အိုက်စ် ၂၆၀ ကီလိုဂရမ်ခန့် ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၂**

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး လူသားမျိုးနွယ်တစ်ခုလုံးကို လူညွန့်တုံးပျက်စီးစေသည့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို နိုင်ငံအတွင်းရှိ ရနိုင်သမျှသော စွမ်းအားစု၊ အရင်းအမြစ်များ အသုံးပြုပြီး ပြည်သူလူထုနှင့် ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၂ နာရီ ၃၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် မယ်ဆိုင်ချောင်းဘေးရှိ မြေထိန်းနံရံ တည်ဆောက်နေသည့်နေရာ၌ မသင်္ကာဖွယ်ရာ လူတစ်စု အနက်ရောင်အိတ်များအား မြေထိန်းနံရံကိုကျော်၍ ကြိုးဖြင့်ချိတ်ဆွဲချကာ မယ်ဆိုင်ချောင်းကို ဖြတ်၍ ထိုင်းနိုင်ငံဘက်သို့ ပို့ရန် ဆောင်ရွက်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေး ရှာဖွေရာ စိုင်းမောင်ဝမ်း (ခ) ဝမ်းဝမ်းနှင့်အတူ အိတ်အနက်ရောင်ဖြင့် တစ်ထပ်၊ ဆာလာအိတ်အစင်းကြားဖြင့် တစ်ထပ်၊ Golden Leaf စာတန်းပါ ရွှေအိုရောင်/ အဖြူရောင်/ခဲရောင် အိတ်များဖြင့် တစ်ထပ်၊ ၉၉၉ ပလတ်စတစ်အကြည်ရောင်ဖြင့် တစ်ထပ် ထုပ်ပိုးထားသည့် အိတ် တစ်လုံးလျှင် အထုပ် ၂၀ နှုန်းဖြင့် အိုက်စ် ၂၀ ကီလိုဂရမ်ခန့်ပါ အိတ် ၁၃ လုံး အတွင်းမှ အိုက်စ် ၂၆၀ ကီလိုဂရမ်ခန့် (ခန့်မှန်းငွေကျပ် ၂ ဒသမ ၁၈ ဘီလီယံခန့်) တန်ဖိုးရှိ မူးယစ်ဆေးဝါး(အိုက်စ်)များအား ဖမ်းဆီးရမိခဲ့သည်။




တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် မယ်ဆိုင်ချောင်းဘေး၌ ငွေကျပ် ၂ ဒသမ ၁၈ ဘီလီယံခန့်တန်ဖိုးရှိ အိုက်စ် ၂၆၀ ကီလိုဂရမ်ခန့် ဖမ်းဆီးရမိခဲ့သည့် နေရာပြပုံ

သို့ဖြစ်၍ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိတရားခံအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး သက်ဆိုင်ရာနယ်မြေ ရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံပြီး အမှုဖွင့်ဆောင်ရွက်ထားရှိကာ ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါးသယ်ဆောင်သည့်သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**






တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် မယ်ဆိုင်ချောင်းဘေးရှိ မြေထိန်းနံရံ တည်ဆောက်နေသည့်နေရာ၌ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိတရားခံအား တွေ့ရစဉ်။

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## မော်လ်ဒိုက်နိုင်ငံ၌ ပလတ်စတစ်အိတ်အသုံးပြုမှုလျော့ချလာခြင်းကြောင့် ပလတ်စတစ်အခွန်ဝင်ငွေ ကျဆင်းလာ

**မာလီ မတ် ၂၂**

မော်လ်ဒိုက်နိုင်ငံ၏ ပလတ်စတစ်အခွန်ငွေကောက်ခံမှုသည် ပလတ်စတစ်သုံးစွဲမှုကို ရည်ရွယ်ထားသည့်အတိုင်း လျော့ချပေးနိုင်ပြီး အဆိုပါလုပ်ငန်းမှ အစိုးရ အပိုအခွန်ငွေရရှိမှုမှာ ၂၀၂၆ ခုနှစ် ပထမနှစ်လအတွင်း ၄၀ ရာခိုင်နှုန်းကျဆင်းသွားသည်ဟု မော်လ်ဒိုက် အစိုးရမီဒီယာဖြစ်သည့် ပီအက်စ်အမ် နယူးစ်တွင် မတ် ၂၁ ရက်က ဖော်ပြထားသည်။

ဇန်နဝါရီလမှ ဖေဖော်ဝါရီလအတွင်း ပလတ်စတစ်သုံးစွဲမှုအတွက် အခွန်ငွေကောက်ခံမှုမှ အမေရိကန်ဒေါ်လာ ၄၃၂၅၉ ဒသမ ၄၇ ဒေါ်လာရရှိခဲ့သည်ဟု မော်လ်ဒိုက်ပြည်တွင်းအခွန်အာဏာပိုင်များ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ ယမန်နှစ် ပထမနှစ်လအတွင်း ရရှိခဲ့သည့် ၇၂၁၈၆ ဒသမ ၆၄ ဒေါ်လာနှင့်နှိုင်းယှဉ်ပါက အခွန်ရရှိငွေ ကျဆင်းသွားသည်။

အမျိုးသားစွန့်ပစ်အမှိုက် စီမံခန့်ခွဲမှု ဥပဒေအောက်တွင် စတင်ကျင့်သုံးခဲ့သည့် အဆိုပါအခွန်သည် ပလတ်စတစ် တစ်အိတ်ရောင်းချလျှင် အမေရိကန် ဒေါ်လာ ၀ ဒသမ ၁၃ ဒေါ်လာ ကောက်ခံရန်လိုအပ်ကြောင်း ပီအက်စ်အမ် နယူးစ်တွင် ဖော်ပြထားသည်။

အခွန်ငွေရရှိမှု ကျဆင်းသွားခြင်းသည် ပလတ်စတစ်အိတ် တင်သွင်းမှုကျဆင်းခြင်းကို ထင်ဟပ်ပြီး တစ်နိုင်ငံလုံးတွင် ပလတ်စတစ်သုံးစွဲမှု ကျဆင်းသွားခြင်းကို ဖော်ပြလျက်ရှိကြောင်း အရာရှိများက ပြောသည်။

ဆင်ဟွာ



## အစ္စတန်ဘူလ်မြို့၌ အဆောက်အအုံတစ်လုံး ပြိုကျမှုဖြစ်ပွား၊ အများအပြားပိတ်မိနေ

**အစ္စတန်ဘူလ် မတ် ၂၂**

တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ အဆောက်အအုံတစ်လုံး မတ် ၂၂ ရက်က ပြိုကျမှုဖြစ်ပွားခဲ့ရာ အပျက်အစီးများအောက် အများအပြား ပိတ်မိနေကြောင်း ဒေသတွင်း ရုပ်သံလိုင်းတစ်ခုဖြစ်သည့် NTV တွင် အစီရင်ခံဖော်ပြထားသည်။

အဆိုပါ ဖြစ်စဉ်သည် အစ္စတန်ဘူလ်မြို့၏ ဥရောပဘက်ခြမ်းရှိ ဖာတစ်ခရိုင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း NTV ၏ ဖော်ပြချက်အရ သိရသည်။ အခင်းဖြစ်ပွားသည့်နေရာမှ တိုက်ရိုက်တင်ဆက်ထားသော ရုပ်သံမှတ်တမ်းများတွင် မီးသတ်တပ်ဖွဲ့များ၊ ဆေးဘက်ဆိုင်ရာအသင်းအဖွဲ့များနှင့် ရဲတပ်ဖွဲ့ဝင်အမြောက်အမြား စေလွှတ်ထားကြောင်းကို တွေ့ရပြီး အပျက်အစီးများအောက် ပိတ်မိနေသူများကို ကယ်တင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ဖော်ပြထားသည်။

အပျက်အစီးများအောက် မည်မျှပိတ်မိနေသည်ဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။ လက်ရှိအချိန်အထိ နှစ်ဦးကို ကယ်တင်ထားနိုင်ပြီး အနီးဝန်းကျင်ရှိ ဆေးရုံများသို့ ပို့ဆောင်ထားကြောင်း NTV ၏ ဖော်ပြချက်အရ သိရသည်။

ဆင်ဟွာ

## မလေးရှားနိုင်ငံ၌ အပူချိန်ဆက်တိုက်မြင့်တက်နေသောကြောင့် သတိပေးချက်များ ထုတ်ပြန်

**ကွာလာလမ်ပူ မတ် ၂၂**

လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း အပူချိန်ဆက်တိုက် မြင့်တက်နေသောကြောင့် မလေးရှားမိုးလေဝသဌာနက မလေးရှားကျွန်းဆွယ် အထူးသဖြင့် နိုင်ငံမြောက်ပိုင်းဒေသ ၁၂ ခုအတွက် မတ် ၂၂ ရက်တွင် အပူချိန် သတိပေးချက်များ ထုတ်ပြန်ခဲ့သည်။

မိုးလေဝသဌာနသည် မြောက်ပိုင်းပြည်နယ်များရှိ အချို့ဒေသများအတွက် Level 1 အဆင့် အပူချိန် သတိပေးချက်ကို ထုတ်ပြန်ထားပြီး သုံးရက်ဆက်တိုက် အပူချိန် ၃၇ ဒီဂရီဆဲလ်စီးယပ်နှင့် ၄၀ ဒီဂရီဆဲလ်စီးယပ်ကြားရှိသော ကဒါးပြည်နယ်ရှိ ပါဒါန်းတီရပ်ခရိုင်အတွက် Level 2 အဆင့် အပူချိန်သတိပေးချက်ကို ထုတ်ပြန်ထားသည်။

နေ့စဉ်အမြင့်ဆုံးအပူချိန်သည် သုံးရက်ထက်မနည်း ၃၅ ဒီဂရီဆဲလ်စီးယပ်နှင့် ၃၇ ဒီဂရီဆဲလ်စီးယပ်ကြားရှိပါက Level 1 အဆင့် သတိပေးချက် ထုတ်ပြန်ခြင်းဖြစ်ကြောင်း သိရသည်။ ပြည်သူလူထုအနေဖြင့် နောက်ဆုံးရမိုးလေဝသ သတင်းအချက်အလက်များကို အမြဲမပြတ် စောင့်ကြည့်ကြရန်လည်း တိုက်တွန်းထားသည်။



ဆင်ဟွာ

## အာဖဂန်နစ္စတန်နိုင်ငံက တစ်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၆၆၇ သန်းတန်ဖိုးရှိ သစ်သီးခြောက် တန်ချိန် ၂၀၅၀၀၀ ပြည်ပသို့ တင်ပို့

**ကဘူးလ် မတ် ၂၂**

အာဖဂန်နစ္စတန်နိုင်ငံသည် ၂၀၂၆ ခုနှစ် မတ် ၂၀ ရက်အထိဖြစ်သည့် ပါရှန်ပြက္ခဒိန်နှစ် ၁၄၀၄ အတွင်း အမေရိကန်ဒေါ်လာ ၆၆၇ သန်းတန်ဖိုးရှိ သစ်သီးခြောက် တန်ချိန် ၂၀၅၀၀၀ ကို ပြည်ပသို့ တင်ပို့နိုင်ခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက ကြေညာသည်။

အာဖဂန်နစ္စတန် နိုင်ငံသည် အီရန်၊ အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)၊ တူရကီယဲ၊ ပါကစ္စတန်၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ပြင်သစ်၊ နယ်သာလန်၊ ရုရှား၊ တာဂျစ်ကစ္စတန်၊ ဗြိတိန်၊ ဩစတြေးလျနှင့် အခြားနိုင်ငံများ အပါအဝင် နိုင်ငံ၏ အဓိက ကုန်သွယ်ရေး မိတ်ဖက်နိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အက်ခ်ဟန့်ဇာဒါ အဗ္ဗဒူ ဆာလမ် ဂျာဝဒ် ၏ မတ် ၂၂ ရက် ပြောကြားချက်ကို အာဖဂန်နစ္စတန် တရားဝင်ရေဒီယိုနှင့် ရုပ်မြင်သံကြားက ကိုးကားဖော်ပြထားသည်။



ပြည်ပတင်ပို့သည့် ပစ္စည်းများမှာ စပျစ်သီးခြောက်၊ ကတွတ်သီး၊ တရုတ်ဆီးသီးခြောက်၊ ဗာဒံစေ့၊ သစ်ကြားသီးစေ့၊ ထင်းရှူးအခွံမာသီးနှင့် ဆီးသီးတို့ ဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ၊

ဓာတ်ပုံ-Ariana News

## ချဒ်နိုင်ငံအရှေ့ပိုင်း၌ ဒရုန်းတိုက်ခိုက်မှုကြောင့် သေဆုံးသူ ၂၀ အထိရှိလာ

**အာဘီချေး မတ် ၂၂**

ဆူဒန်နိုင်ငံမှ ဒရုန်းတိုက်ခိုက်မှုသည် ချဒ်နိုင်ငံ နယ်စပ်မြို့ဖြစ်သည့် တိုင်းမ်ကို မတ် ၁၈ ရက်က ကျရောက်ခဲ့ပြီး သေဆုံးသူဦးရေမှာ ၂၀ အထိ ရှိလာသည်ဟု အာဏာပိုင်များက မတ် ၂၁ ရက်တွင် ပြောသည်။

တိုက်ခိုက်မှုအတွင်း ဒဏ်ရာရရှိသူ ၁၀ ဦးမှာ ချဒ်နိုင်ငံ အာဘီချေးမြို့ရှိ ဆေးရုံတွင် ဆေးကုသမှုခံယူနေရဆဲဖြစ်သည်။ ထိခိုက်ခံစားခဲ့ရသူများအတွက် ဝမ်းနည်းကြောင်း အစိုးရက ဖော်ပြခဲ့ပြီး ပြည်သူ့လုံခြုံရေးသေချာစေရေးနှင့် နယ်စပ်တစ်လျှောက်ကာကွယ်ရေး အစီအမံများ အားကောင်းလာစေရေးတို့အတွက် ကတိကဝတ်များထပ်မံ ချမှတ်ခဲ့သည်။

ယခုတစ်ကြိမ်မှာ ချဒ်နိုင်ငံအတွက် ပထမဆုံးအကြိမ် တိုက်ခိုက်ခံရခြင်းမဟုတ်ဘဲ လေးကြိမ်မြောက် တိုက်ခိုက်ခံရခြင်းလည်းဖြစ်သည်။ ယခုတစ်ကြိမ်သည် နောက်ဆုံးတစ်ကြိမ် တိုက်ခိုက်ခံရခြင်းဖြစ်ပြီး ချဒ်နိုင်ငံသားတစ်ဦးတစ်ယောက်မှ နောက်ထပ်ထိခိုက်ခံစားရခြင်း မရှိစေရဟု ပြည်သူ့လုံခြုံရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီး အလီ အာမတ် အဂါဘာချီက သတင်းထောက်များကို ပြောသည်။

အဆိုပါတိုက်ခိုက်မှုအပြီးတွင် အစိုးရက လုံခြုံရေးတပ်ဖွဲ့ဝင်များကို အသင့်အနေအထားသို့ အဆင့်မြှင့်တင်လိုက်ပြီဖြစ်ကြောင်း မတ် ၁၉ ရက်တွင် ချဒ်နိုင်ငံ ဆက်သွယ်ရေးဝန်ကြီးနှင့် အစိုးရပြောရေးဆိုခွင့်ရှိသူ ဂစ်ဆင် ရှာရစ်ဖ် မဟာမက် က ပြောသည်။ အဆိုပါကြောက်မက်ဖွယ် တိုက်ခိုက်မှုအပြီး မတ် ၁၈ က ချဒ်သမ္မတ မဟာမက် အိုက်ဒရစ် ဒက်ဘီ အစ်တ်နို က နယ်စပ်ကို လုံးဝပိတ်ထားရန် အမိန့်ထုတ်ပြန်ခဲ့သည်။

ဆူဒန်နှင့် ချဒ်အကြား ဖြတ်သန်းသွားလာမှုသည် ဒါဖာဒေသခံပြည်သူများအတွက် အဓိကကုန်သွယ်မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လမ်းကြောင်းများဖြစ်သည်။ ချဒ်နိုင်ငံနှင့်ဆူဒန်နိုင်ငံနယ်စပ်မှာ ကီလိုမီတာ ၁၃၀၀ ရှည်လျားပြီး ဆူဒန်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ဆူဒန်တပ်မတော်နှင့် RSF လက်နက်ကိုင်အုပ်စုတို့ကြား တိုက်ပွဲများစတင်သည့်အချိန်မှစတင်ကာ ပဋိပက္ခများကြားတွင် နစ်မြုပ်ခဲ့ရသည်။

ဆင်ဟွာ

## ကာတာနိုင်ငံ၌ ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုကြောင့် ခြောက်ဦးသေဆုံး၊ တစ်ဦးပျောက်ဆုံး

**ဒိုဟာ မတ် ၂၂**

ကာတာနိုင်ငံ၏ ပိုင်နက်ရေပြင်၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျမှုဖြစ်ပွားသဖြင့် ခြောက်ဦး သေဆုံးပြီး တစ်ဦးပျောက်ဆုံးနေကြောင်း ကာတာပြည်ထဲရေးဝန်ကြီးဌာနက မတ် ၂၂ ရက်တွင် ပြောကြားသည်။

အဆိုပါရဟတ်ယာဉ်ပေါ်တွင် လူခုနစ်ဦး လိုက်ပါခဲ့ပြီး ၎င်းတို့အနက်ခြောက်ဦးကိုရှာဖွေကယ်ဆယ်ရေး အဖွဲ့များက သေဆုံးလျက် ပြန်လည်တွေ့ရှိကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

အထူးအဖွဲ့များက ပျောက်ဆုံးနေသူတစ်ဦးကို ရှာဖွေရန်ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း ဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။ အဆိုပါရဟတ်ယာဉ်သည် ပုံမှန်မစ်ရှင်တစ်ခုလုပ်ဆောင်စဉ်အတွင်း နည်းပညာချွတ်ယွင်းမှုတစ်ခုနှင့် ကြုံတွေ့ခဲ့ပြီးနောက် နိုင်ငံ၏ ပိုင်နယ်ရေပြင်၌ ပျက်ကျခဲ့ကြောင်း၊ မတ် ၂၁ ရက်က ကာတာပိုင်နက်ရေပြင်အတွင်း ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုကြောင့် တူကီယဲအမှုထမ်းသုံးဦး သေဆုံးခဲ့ကြောင်း တူကီယဲကာကွယ်ရေးဝန်ကြီးဌာနက မတ် ၂၂ ရက်တွင် ပြောကြားသည်။

ဆင်ဟွာ

# နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ သဒ္ဓမ္မပါလပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တဝေပုလ္လ(အဂ္ဂမဟာပဏ္ဍိတ) ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော် မတ် ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ် ၃ ရပ်ကွက် သဒ္ဓမ္မပါလပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဝေပုလ္လ(အဂ္ဂမဟာပဏ္ဍိတ) သက်တော် ၈၃ နှစ်၊ သိက္ခာ ၅၈ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်၊ (၂၂-၃-၂၀၂၆)၊ တနင်္ဂနွေနေ့၊ နံနက် ၂ နာရီ ၃၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## စလင်းမြို့နယ်၌ ကွန်ပျူတာအခြေခံသင်တန်းဖွင့်လှစ်

**စလင်း မတ် ၂၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီ ကျောင်းပိတ်ရက် ကွန်ပျူတာ အခြေခံသင်တန်းကို မတ် ၂၀ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖွင့်လှစ်သည်။



အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန စလင်းမြို့နယ် ဦးစီးမှူး ဦးစည်သူလွင်က ကျောင်းသားကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ အသိပညာဗဟုသုတများ တိုးပွားလာစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်လူရွယ်များ ဖြစ်လာစေရန် ရည်ရွယ်၍ အခြေခံကွန်ပျူတာ သင်တန်းကို စလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန၌ မတ် ၂၀ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ အဖွဲ့ဝင်များက သင်ထောက်ကူ ပစ္စည်းများကို ပေးအပ်ပြီး ကွန်ပျူတာအခြေခံ သင်တန်းဆရာမ ဒေါ်ဖြိုးသီရိဇော်က သင်တန်းတက်ရောက်ကြသည့် သင်တန်းသား သင်တန်းသူများအား စိတ်ပါဝင်စားစွာ သင်ကြားကြရန်နှင့် ကွန်ပျူတာတတ်မြောက်သည်အထိ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း ပြောကြားသည်။ သင်တန်းတွင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၅ ဦး တက်ရောက်ကြပြီး မတ် ၂၀ ရက်မှ မေ ၂၀ ရက်အထိ သင်ကြားသွားမည်ဖြစ်သည်။ **မောင်လွင်(စလင်း)**

## ဒေးဒရဲမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ စည်းဝေး

**ဒေးဒရဲ မတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် သမဝါယမ အသင်းစုလီမိတက်၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစုလီမိတက် ဥက္ကဋ္ဌ ဦးအောင်အောင်က အမှာစကားပြောကြားခြင်း၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက လုပ်ငန်းဆိုင်ရာများ မှာကြားခြင်းနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးစိုးညွန့်က ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် မြို့နယ် သမဝါယမအသင်းစု ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ် အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး ရှင်းတမ်းများကို တာဝန်ရှိသူများက ဖတ်ကြားတင်ပြခဲ့ပြီးတက်ရောက်လာသည့် အသင်းဝင်ကိုယ်စားလှယ်များ၏ အတည်ပြုချက်ရယူခဲ့ကြောင်း သိရသည်။



**အေဇာလင်း**

## နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ် ၃ ရပ်ကွက် သဒ္ဓမ္မပါလပရိယတ္တိ စာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တဝေပုလ္လ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ပန်းစွာကျေးရွာ ခမည်းတော် ဦးချစ်ဖွယ် + မယ်တော် ဒေါ်လှရင်တို့က ၁၃၀၅ ခုနှစ် တပေါင်းလဆန်း ၁ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၅ ခုနှစ်တွင် မြိုင်မြို့နယ် ပန်းစွာကျေးရွာ အရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တသုကတကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၃၁ ခုနှစ် ဝါဆိုလဆန်း ၁၀ ရက်နေ့တွင် ပန်းစွာရွာ၊ သိမ်တော်ရာကျောင်းခဏ္ဍသိမ်၌ အရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တသုကတကို ဥပဇ္ဈာယ်ပြု၍ ပန်းစွာကျေးရွာ၊ ဦးလှဆန်း + ဒေါ်မယ်တင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ မဟာဓမ္မာရုံကျောင်းဆရာတော် ဘဒ္ဒန္တမာနိတနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ ဘုရားကြီးတိုက် ပေတောအုတ်ကျောင်း ဆရာတော် ဘဒ္ဒန္တသီလဝံသာဘိဝံသ၊ မိုးကုတ်မြို့ ကသည်းကမ္ဘာအေးကျောင်းဆရာတော် ဘဒ္ဒန္တကုလ္လနဒ္ဓဝံသ၊ ဘဒ္ဒန္တဝေဒကာဘိဝံသ စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး “သာသနဓဇဓမ္မာစရိယဘွဲ့” ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ကျောက်မဲမြို့ သဒ္ဓမ္မပါလပရိယတ္တိစာသင်တိုက်၌ စာသင်သား ရဟန်း၊ သာမဏေများကို ပရိယတ္တိ စာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် နိုင်ငံတော်ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်အလှူခံ ရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနစုရာဝဟဂုဏ်၊ ပရိယတ္တိဆေကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၂ ခုနှစ်တွင် **“အဂ္ဂမဟာပဏ္ဍိတ”** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၃ နှစ်၊ သိက္ခာ ၅၈ ဝါအရ ၁၃၈၇ ခုနှစ် တန်ခူးလဆန်း ၅ ရက် (၂၂-၃-၂၀၂၆) တနင်္ဂနွေနေ့ နံနက် ၂ နာရီ ၃၅ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## ဘင်္ဂလား ပင်လယ်အော် အခြေအနေ

**နေပြည်တော် မတ် ၂၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

# စုပေါင်းညီညာအောင်ကြောင်းဖြာ ကျေးလက်စံပြ ခတ္တိယ

နွေဦးကာလ ဝသန္တဝယ် စာရေးသူမှာ ရန်ကုန်မြို့နှင့် မလှမ်းမကမ်းက ဒေသခရီးစဉ်တစ်ခုကို စတင်ဖြစ်သည်။ ဘေးဝဲယာတို့တွင် စိမ်းစိုသည့် လယ်ကွင်းများနှင့် မြို့ရွာအချို့ကို ဖြတ်သန်းမောင်းနှင်ရင်း တွံတေးမြို့နယ်သို့ ရောက်ရှိလာခဲ့ပြီ။ သွားရောက်မည့်ကျေးရွာကား ထူးထူးဆန်းဆန်းပင်၊ ခတ္တိရွာကျေးရွာဟူ၍ ဖြစ်သည်။

ဖိုးချို- ရန်ကုန်ကျေးလက်



ခေတ်မီစံပြကျေးရွာစီမံကိန်းရန်ပုံငွေဖြင့်ဆောင်ရွက်သော ကျေးရွာစာကြည့်တိုက်အား တွေ့ရစဉ်။



ခေတ်မီစံပြကျေးရွာစီမံကိန်းဆောင်ရွက်သောကျေးရွာတွင် စာရင်းရေးသွင်းနည်း သင်တန်းဖွင့်လှစ်ခဲ့စဉ်။

အမည်နာမ ထူးခြားသကဲ့သို့ တည်နေရာမှာလည်း ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၊ ထန်းတပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၊ ညောင်တုန်းမြို့နယ်တို့နှင့် ထိစပ်လျက်ရှိသောကြောင့် ထူးထူးခြားခြား ကျေးရွာဟုဆိုရမည်။ ယခင်က ရေလမ်းတစ်ခုတည်းကိုသာ အားထားအသုံးပြုရပြီး ကြည့်မြင်တိုင်ဆိပ်ကမ်းမှ ဒီရေတက်သည့်အချိန်၌သာ သစ်သားမော်တော်ကြီးများဖြင့် အရောက်သွားနိုင်သည့် ကျေးရွာကလေး၊ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစခေတ်ဦးကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးရောင်ခြည်မမြင်ရသည့် ကျေးရွာဖြစ်ခဲ့ဖူးသည်။ ယခုတွင်မူ ကွန်ကရစ်လမ်းဖြင့် လှိုင်သာယာ-တွံတေးကားလမ်းမကြီးပေါ်မှတစ်ဆင့် မမျိုးစု-ခတ္တိယလမ်းအတိုင်း ၁၄ မိုင်ခန့် ဝင်ရောက်ပါက ခတ္တိယရွာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိနိုင်၏။

ခတ္တိယကျေးရွာတွင် အိမ်ခြေ ၂၂၆ အိမ်၊ အိမ်ထောင်စုပေါင်း ၂၄၆ စုနှင့် လူဦးရေ ၁၁၀၀ ခန့်ရှိသည်။ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသဖြင့် ရွာနံဘေးတစ်လျှောက် စိမ်းမြသည့် လယ်ကွင်းတို့ဖြင့် ပန်းရလှသည်။ ခတ္တိယ ကျေးရွာသူ ကျေးရွာသားများ၏ စည်းလုံးညီညွတ်မှုဖြင့် နိုင်ငံတော်မှ ပံ့ပိုးပေးထားသော ကျေးရွာ ၁၀ ရွာ လျှပ်စစ်မီးရရှိနိုင်သည့် ဓာတ်အားခွဲရုံ၊ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၊ ရဲစခန်း၊ အထက်တန်းကျောင်းစသည်တို့မှာ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်းများဖြစ်သည်။ မကြာမီကာလအတွင်း စံနမူနာပြုထိုက်သည့် စံပြကျေးရွာအဖြစ် မျှော်လင့်ချက်ရောင်နီသန်းသည့် ကျေးရွာဟု ညွှန်းဆိုပါက လွန်မည်မဟုတ်ဟု ဆိုရမည်။

**ကျေးလက်ဦးစီးပံ့ပိုးမှုနှင့် ကျေးရွာသားများ စုပေါင်းအားပေါင်းစပ်**

ကျေးလက်ဦးစီးဌာနသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းအပြင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှ စတင်၍ ခေတ်မီစံပြကျေးရွာ (Smart Village) စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိရာ စီမံကိန်းကာလ ငါးနှစ်ဖြစ်သဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အထိ ဌာနတာဝန်ရှိသူများနှင့် ကျေးရွာသူကျေးရွာသားများ၏ စုပေါင်းအားဖြင့် နေချင့်စဖွယ် ကျေးရွာတစ်ရွာဖြစ်လာစေရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ခေတ်မီစံပြကျေးရွာ (Smart Village) စီမံကိန်းဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာရှိ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ကျေးရွာနေပြည်သူများ အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးလာစေမည့်အပြင် မိသားစုဝင်ငွေတိုးပွားခြင်း၊ လူမှုဘဝမြင့်မားခြင်းနှင့် အခြားကျေးရွာများက စံနမူနာထားကြမည့် နေထိုင်ချင်စဖွယ် စံပြကျေးရွာဖြစ်လာခဲ့သည်။



ခတ္တိယရွာသစ်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းအဖြစ် ဝက် (CP) အသားတိုးမွေးမြူထားမှုကို တွေ့ရစဉ်။

**ခေတ်မီစံပြကျေးရွာစီမံကိန်း ဘာတွေဖော်ဆောင်ပေးသလဲ**

ခေတ်မီစံပြကျေးရွာ (Smart Village) စီမံကိန်းတွင် ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး၊ ကျေးရွာနေပြည်သူများ ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်စီမံကိန်းကဲ့သို့ အသင်းအဖွဲ့ဖြင့် ရန်ပုံငွေများ ထောက်ပံ့ပေးခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အွန်လိုင်းစာကြည့်တိုက်များ ဖွင့်လှစ်ခြင်းစသည်တို့ပါဝင်ပြီး အသင်းအဖွဲ့များ ပိုမိုခိုင်မာအားကောင်းစေရေးနှင့် အသိပညာများ ပိုမိုရရှိနိုင်စေရေးအတွက် ကျွမ်းကျင်သူများက ပညာပေးဟောပြောပွဲများကျင်းပခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး ကျေးလက်နေပြည်သူများကလည်း ပူးပေါင်းပါဝင်လက်ကမ်းကြိုလျက်ရှိသည်။

**ခေတ်မီလှပ ခတ္တိယစံပြကျေးရွာ**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ခေတ်မီစံပြကျေးရွာ (Smart Village) စီမံကိန်း ထူထောင်ရေးအစီအစဉ်ဖြင့် ကျေးရွာတွင်းလမ်း အရှည် ပေ ၅၅၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မဒု ကွန်ကရစ်လမ်းခင်းခြင်း၊ အလျား ပေ ၂၀၊ အနံ ပေ ၃၀ ရှိ ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ပေးခြင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မြေသားရေကန်အား အရှည် ပေ ၇၈၀၊ အမြင့် ငါးပေနှင့် ခြံစည်းရိုးကာရံခြင်းများအတွက် ရန်ပုံငွေကျပ် ၄၈ ဒသမ ၀၇၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည့်အပြင် သုသာန်သွားလမ်း အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေလမ်းကိုလည်း ဖောက်လုပ်ကွန်ကရစ် ခင်းကျင်းပေးခဲ့ရာ ခတ္တိယရွာသစ်ကျေးရွာမှ ကျေးရွာသူ ကျေးရွာသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးအိပ်မက်မှာ တစ်စတစ်စ အကောင်အထည်ပေါ်လာခဲ့ပြီဖြစ်သည်။

လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ခန့်က တစ်ခုတည်းသော ရေလမ်းခရီးအဖြစ် အသုံးပြုခဲ့ရသည့် ချောင်းဟောင်း၊ (ပန်းလှိုင်မြစ်လက်တက်)မှာ ရန်ကုန်တိုင်းဒေသကြီးတွံတေးမြို့နယ်ခတ္တိယရွာသစ်ကျေးရွာနှင့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကျွန်းဥကျေးရွာအကြား ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ကို ပိုင်းခြားထားသည့် နယ်ခြားချောင်းရိုးဖြစ်ခဲ့သော်လည်း လက်ရှိတွင် တိမ်ကောလျက်ရှိပြီဖြစ်သည်။ ယခုအခါ ခတ္တိယရွာသစ်ကျေးရွာမှာ ခေတ်မီစံပြကျေးရွာ (Smart Village) စီမံကိန်း ထူထောင်နေဆဲကျေးရွာဖြစ်သဖြင့် ချောင်းကောအား ပြန်လည်တူးဖော်နိုင်ရန် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ကွင်းဆင်းစိစစ်၍ တွက်ချက်လျက်ရှိနေပြီဖြစ်သည်။ ယင်းချောင်းကော ပြန်လည်တူးဖော်ပြီးစီးပါက ကျေးရွာနှစ်ရွာရှိ အိမ်ထောင်စု ၅၀၀ ခန့်အတွက် သောက်သုံးရေဖူလုံနိုင်မည့်အပြင် နွေစပါးအပါအဝင် သီးထပ်စိုက်ဧက ၂၀၀ ခန့်အတွက်စိုက်ပျိုးရေ ဖူလုံလာနိုင်ပါတော့မည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်ဒေသများတွင် ကောင်းမွန်သော ရေအရင်းအမြစ်များနှင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသဖြင့် ပန်းလှိုင်ချောင်းကော ပြန်လည်တူးဖော်ပြီးပါက ရေမီတာသုံး အိမ်သွယ်ရေတိုင်စနစ်ကို ဒေသခံပြည်သူများနှင့် ဌာနတို့ လက်တွဲဖော်ဆောင်သွားရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။ အချိန်ကုန်လူပင်ပန်းသက်သာစွာဖြင့် မိမိနေအိမ်မှ သန့်ရှင်းသောသုံးရေ ရရှိနိုင်မည်ဖြစ်သည့်အပြင် ရေသန့်စင်စနစ် ဆောင်ရွက်ပေးနိုင်ရန်အတွက်လည်း ဌာနအနေဖြင့် ရည်မှန်းဆောင်ရွက်ပေးရန် ကြိုးစားလုပ်ဆောင်လျက်ရှိသဖြင့် မြို့နှင့်မခြား တိုးတက်ဖြစ်ထွန်းလာတော့မည်ဟု ယုံကြည်မိပါသည်။

**မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ လက်တွေ့အကျိုးကျေးဇူးများခံစား**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ခတ္တိယရွာသစ်ကျေးရွာအတွက် ၂၀၁၆-၂၀၁၇ ခုနှစ်မှစတင်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို

*စာမျက်နှာ ၁၇ သို့*

**❝ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ခတ္တိယကျေးရွာအုပ်စု ခတ္တိယရွာသစ်ကျေးရွာသည် ရှေးယခင်ကာလအဆက်ဆက်ကပင် ကျေးရွာနေပြည်သူများက စည်းလုံးညီညွတ်မှုရှိခြင်း၊ မူလအရင်းအမြစ်အားသာချက်များ ပိုင်ဆိုင်ထားခြင်းအပြင် ဖွံ့ဖြိုးရေးအခွင့်အလမ်းကောင်းဖြစ်သည့် ခေတ်မီစံပြကျေးရွာ(Smart Village) ထူထောင်ရေးလုပ်ငန်း စီမံကိန်းအတိုင်း ဆောင်ရွက်နေမှုများ၊ အခြားဆက်စပ်ဌာနအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် စီမံကိန်းကာလပြီးမြောက်မည့် ၂၀၂၇-၂၀၂၈ ခုနှစ် ဘဏ္ဍာရေးနှစ်အကုန်တွင် မြို့နှင့်မခြား ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်းမြင့်မား၍ စီးပွားရေးခိုင်မာအားကောင်းသည့် နေချင့်စဖွယ် စံပြကျေးရွာတစ်ရွာဖြစ်လာမည် ❞**

# သရက်အရည်အသွေးပြည့်မီပြီး ဈေးကွက်ဝင်သရက်သီးများရရှိရေးအတွက် ပိုးမွှားရောဂါ ကာကွယ်ခြင်းနည်းစနစ် လက်တွေ့ကွင်းသရုပ်ပြ

**မြစ်သား မတ် ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၊ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့်အပင်ဇီဝနည်းပညာဌာနခွဲက သရက်အရည်အသွေးပြည့်မီပြီး ဈေးကွက်ဝင်သရက်သီးများရရှိရေးအတွက် ပိုးမွှားရောဂါကာကွယ်ခြင်း နည်းစနစ်များ လက်တွေ့ကွင်းသရုပ်ပြပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မြနဒီဥယျာဉ်ခြံ၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထိန်က အမှာစကားပြောကြားပြီး မြစ်သားမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်က သရက်စိုက်ပျိုး ထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များနှင့် ဝါသနာရှင်သရက်စိုက်ပျိုးသူများအား သရက်စိုက်ပျိုးနည်းပညာများနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ မြနဒီဥယျာဉ်ခြံ တာဝန်ခံမန်နေဂျာက သရက်ခြံတစ်ခြံ စတင်တည်ထောင်ခြင်းနှင့် လိုက်နာရမည့်အချက်များ၊ သရက်ပင်များ ကိုင်းဖြတ်ပြုပြင်ခြင်း၊ သရက်ပျိုးပင်များ ထုတ်လုပ်ခြင်းနှင့် သရက်ပင်စည်ထိုးပိုးများ အကြောင်းကို ရှင်းလင်းဆွေးနွေးပြီး သရက်စိုက်ပျိုးသည့် တောင်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ခံမန်နေဂျာက ပြန်လည်ရှင်းလင်းဆွေးနွေးပေးသည်။ ဆွေးနွေးပွဲအပြီး သရက်စိုက်ခင်းအတွင်း ပိုးမွှားအန္တရာယ်ကာကွယ်ရေးအတွက် မြနဒီဥယျာဉ်ခြံ တာဝန်ခံမန်နေဂျာက လက်တွေ့ကွင်း သရုပ်ပြ ရှင်းလင်းခဲ့ကြောင်း သိရသည်။

လက်တွေ့ကွင်း သရုပ်ပြပွဲ အခမ်းအနားသို့ သံချပ်ကာယန္တရားကျောင်းမှ ဒုတိယကျောင်းအုပ်ကြီး ဒုတိယ ဗိုလ်မှူးကြီး တင်မျိုးဝေ၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်ပြုံမိမ်းထွေး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်၊ မြို့နယ် မြေစာရင်းဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်မျိုးချစ်၊ ကူမဲမြို့



ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးစောအောင်ကိုလတ်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစိုးမင်းနိုင်နှင့် ဝန်ထမ်းများ၊ သရက်စိုက်ပျိုး တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဝါဝါမြင့် (မြစ်သား)

# ကလောမြို့၌ အမျိုးသမီးများဆိုင်ရာ အခွင့်အရေး၊ ဥပဒေနှင့် ကာကွယ်စောင့်ရှောက်နိုင်ရေး အသိပညာပေး

**ကလော မတ် ၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့အမှတ်(၈)ရပ်ကွက် ဓမ္မာရုံ၌ ယမန်နေ့က အမျိုးသမီးများဆိုင်ရာ ကာကွယ်ပေးထားသည့် အခွင့်အရေး၊ ဥပဒေနှင့် လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှုတို့ကို ကာကွယ်စောင့်ရှောက်နိုင်ရေး ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပွဲ ကွင်းဆင်းဆောင်ရွက်သည်။

အသိပညာပေး ဟောပြောပွဲတွင် ကလောမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးသက်လှိုင်က အမှာစကားပြောကြားပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နန်းဥမ္မာအုန်းက သက်ငယ်မုဒိမ်းဆိုင်ရာ ဥပဒေအကြောင်း သိကောင်းစရာများအားလည်းကောင်း၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်စိမ်းနုအောင်က အမျိုးသမီးများအား ကာကွယ်ထားသည့် ဥပဒေများအကြောင်း သိကောင်းစရာများအားလည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာစောမြတ်သစ္စာက သက်ငယ်မုဒိမ်းမှုများဆိုင်ရာ ကြိုတင်ကာကွယ်နိုင်ရေး သိကောင်းစရာများအား လည်းကောင်း၊အမှတ်(၂)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်၊ အောင်ပန်းမှ ဒုတိယရဲအုပ်ခင်အေးငြိမ်းက တရားမဝင်ရွှေ့ပြောင်းသွားလာလုပ်ကိုင်ရာမှ လူကုန်ကူးမှု ခံရနိုင်ခြင်း၊ လူမှုကွန်ရက်မှ မိတ်ဆွေဖွဲ့ပြီး လိမ်လည်လက်ထပ်ကာ လူကုန်ကူးခံရနိုင်ခြင်း၊ အဓမ္မမွေးစားပြီး လူကုန်ကူးမှုကျူးလွန်နိုင်ကြောင်း၊ လူကုန်ကူးမှုမခံရစေရေး သိသင့်သိထိုက်သည့် ဆောင်ရန်/ရှောင်ရန်အချက်များအကြောင်း အသီးသီး အသိပညာပေး ဟောပြောခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# ရွှေသောင်ယံမြို့၌ ယာယီနေရပ်စွန့်ခွာသူများအား ထောက်ပံ့ငွေများပေးအပ်

**ရွှေသောင်ယံ မတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ ဘောမိကျေးရွာအုပ်စု ဂျိတ်လက်စံပြကျေးရွာတွင် ယမန်နေ့က ယာယီနေရပ်စွန့်ခွာသူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

အဆိုပါအခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူးက အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေသူများအား လူသားချင်းစာနာမှုဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ထောက်ပံ့ငွေများပေးအပ်ခြင်းဖြစ်ကြောင်း၊ ထောက်ပံ့ပေးအပ်ရာတွင် ယာယီနေရပ်စွန့်ခွာသူအားလုံးရရှိရေး အလေးထားဆောင်ရွက်ကြောင်းပြောကြားပြီး ဂျိတ်လက်ကျေးရွာတွင် ယာယီနေရပ်စွန့်ခွာ၍ လာရောက်နေထိုင်သူ ၆၅၁ ဦးအား သုံးလစာ တစ်ဦးလျှင် ငွေကျပ် ၆၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**ပြန်လည်ထူထောင်ရေးဦးစီးဌာန**

**လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)**

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

| ရန်ကုန်လိပ်စာ | လူကုန်ကူးခံရသူများအနေဖြင့် | မန္တလေးလိပ်စာ |
| --- | --- | --- |
| အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။ | ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်ကြီးရပ်၊ အောင်မြေသာစံမြို့နယ်။ |



**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။**


**၂၂ - ၃ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၀၀၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

*စာမျက်နှာ ၁၆ မှ*

နိုင်ငံတော်မှ မတည်ရင်းနှီးငွေကျပ် သန်း ၃၀ ဖြင့် လည်ပတ်ရန်ပုံငွေ ထောက်ပံ့ခဲ့သဖြင့် သက်သာသော အတိုးနှုန်းဖြစ်သော တစ်ရာကျပ်လျှင် ပြား ၅၀ ထက် မနည်း၊ ၁ ကျပ် ပြား ၅၀ ထက် မပိုသည့် အတိုးနှုန်းဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ၌ ရင်းနှီးငွေအဖြစ် ထုတ်ချေးပေးခဲ့ရာ ယခုအခါ ကျေးရွာနေပြည်သူများက လက်တွေ့အကျိုးကျေးဇူးများ ရရှိခံစားနေကြပြီဖြစ်သည်။

**ပျိုးပင် ၃၀၀ ပံ့ပိုး**

ထို့အတူ စီမံကိန်းပထမနှစ်အဖြစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ စနစ်တကျ အမှိုက်စွန့်ပစ်တတ်စေရန် ပညာပေး ဟောပြောပွဲကို ကျေးရွာအထကကျောင်းတွင် ပြုလုပ်ခြင်း၊ ကျေးရွာတွင်း လမ်းဘေးဝဲယာတို့တွင် စွန့်ပစ်အမှိုက်များ မရှိစေရေးအတွက် ပညာပေး ပိုစတာများစိုက်ထူခြင်း၊ အသိပညာပေးစာစောင်များ အခမဲ့ဖြန့်ဝေခြင်းများအပြင် ကျေးလက်ဦးစီးဌာနနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်း၍ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ အရိပ်ရပင်များ စိုက်ပျိုးခြင်းနှင့် လေကာပင်များ စိုက်ပျိုးခြင်းတို့ကို မြို့နယ်သစ်တောဦးစီးဌာနမှ ပျိုးပင် ၃၀၀ ပံ့ပိုး၍ ကျေးရွာနှင့် ပတ်ဝန်းကျင်များတွင် စိုက်ပျိုးခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

စီမံကိန်းကာလအတွင်း ကျေးရွာဒေသခံများ၏ မျှော်မှန်းချက်မှာ မိသားစုစီးပွားရေး ဝင်ငွေတိုးလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် ကျေးလက်ဈေးတည်ထောင်ခြင်း၊ စွန့်ပစ်အမှိုက်များကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဘဲ စနစ်တကျ ဖျက်ဆီးနိုင်ရန် နည်းလမ်းရှာဖွေခြင်း၊ လူငယ်များ ကျန်းမာကြံ့ခိုင်စေရေးအတွက် အားကစားကွင်းဖော်ထုတ်ခြင်း၊ ဒေသခံများအားလုံး အပန်းဖြေအနားယူနိုင်ရေးအတွက် ပန်းခြံများ၊ ကလေးကစားကွင်းများ တည်ထောင်ခြင်း စသည်တို့ဖြစ်ရာ ကျေးရွာအုပ်စု တာဝန်ရှိသူများနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်းညှိနှိုင်း ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း မြင်တွေ့ရသည်။

**စည်းလုံးညီညာ အောင်ကြောင်းဖြာ**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ခတ္တိယကျေးရွာအုပ်စု ခတ္တိယရွာသစ်ကျေးရွာသည် ရှေးယခင်ကာလအဆက်ဆက်ကပင် ကျေးရွာနေပြည်သူများက စည်းလုံးညီညွတ်မှုရှိခြင်း၊ မူလအရင်းအမြစ် အားသာချက်များ ပိုင်ဆိုင်ထားခြင်းအပြင် ဖွံ့ဖြိုးရေးအခွင့်အလမ်းကောင်းဖြစ်သည့် ခေတ်မီစံပြကျေးရွာ (Smart Village) ထူထောင်ရေး လုပ်ငန်းစီမံကိန်းအတိုင်း ဆောင်ရွက်နေမှုများ၊ အခြားဆက်စပ်ဌာနအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် စီမံကိန်းကာလပြီးမြောက်မည့် ၂၀၂၇-၂၀၂၈ ခုနှစ် ဘဏ္ဍာရေးနှစ်အကုန်တွင် မြို့နှင့်မခြား ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်းမြင့်မား၍ စီးပွားရေးခိုင်မာအားကောင်းသည့် နေချင့်စဖွယ် စံပြကျေးရွာတစ်ရွာ ဖြစ်လာမည်ဟု ယုံကြည်လျက် အစွမ်းကုန်ကြိုးစား ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုအသီးအပွင့်တို့ ဖူးငုံဝေဆာလျက်ရှိသည့် စာရေးသူတို့၏ ခတ္တိယရွာသစ်ကျေးရွာဆီ တစ်ခေါက်တစ်ခါ အလည်အပတ် အရောက်လာနိုင်စေရေး နွေးထွေးပျူငှာစွာဖြင့် ဖိတ်ခေါ်လိုက်ရပါတော့သည်။ ။

## ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ပဲခူးခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



**ပဲခူး မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ဆွေသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပဲခူးခရိုင်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် ခရိုင်လမ်းဦးစီးဌာန၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လုပ်ငန်းအရည်အသွေး ထိန်းသိမ်းရေးအဖွဲ့များနှင့်အတူ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဝေါမြို့နယ် ပေါက်တန်းကျေးရွာကုန်ထုတ်လမ်းပေါ်ရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း၊ ဝေါမြို့နယ် ဘုရားကြီး- မော်လမြိုင်- မြိတ်- ဘုတ်ပြင်း- ထားဝယ်လမ်းမကြီး လမ်းဘေးဝဲယာ လမ်းပခုံးပြင်ခြင်း၊ ချုံရှင်းလင်းနေမှုလုပ်ငန်းများနှင့်၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု (ပိုလျှံ) ရန်ပုံငွေဖြင့် ဝေါဘုရားပျို-ကမာကဘန်-ကတွတ်-ညောင်ကိုင်းလမ်း ကတ္တရာခင်းရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု (GRF)ရန်ပုံငွေဖြင့် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်သည့် သပြေရိုးကျေးရွာ ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးမူလရန်ပုံငွေဖြင့် နောင်ဂျမ်းရှမ်းရွာကြီးလမ်း ဂဝံကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

## သာစည်မြို့မရဲစခန်း၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြသ

**သာစည် မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့မရဲစခန်း၌ မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် မတ် ၁၉ ရက်က လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသခြင်း ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များက ရုံးခန်း၊ အချုပ်ခန်း၊ လက်နက်တိုက်နှင့် ဝန်ထမ်းလိုင်းခန်းများ၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးပြီး မြို့မရဲစခန်းမှူး ဒုရဲမှူး ဝင်းချိုချိုနှင့် အရာရှိအရာခံများ၊ အခြားအဆင့်တပ်ဖွဲ့ဝင်များနှင့် အိမ်ထောင်သည်မိသားစုဝင်များအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းကို သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မအူပင်မြို့ပေါ်ရှိ ဈေးဆိုင်ခန်းများ မီးဘေးအန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေး

**မအူပင် မတ် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်စေရန်အတွက် ယနေ့မွန်းလွဲပိုင်းက မြို့မဈေး၊ မင်္ဂလာဈေး၊ ကုန်စိမ်းဈေးများရှိ ဆိုင်ခန်းများကို ကွင်းဆင်းစစ်ဆေးသည်။



အဆိုပါ ကွင်းဆင်းစစ်ဆေးမှုကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးဌေး ဦးဆောင်မှုဖြင့် မြို့နယ် မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ် ဦးစီးမှူး ဦးဇော်ဖြိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံနှင့် ဈေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့နှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ ဈေးများအတွင်း မီးလောင်မှု ဖြစ်စေတတ်သော လောင်စာဆီများ၊ လောင်စာများ သိုလှောင်ထားရှိခြင်း မပြုရန်၊ ဈေးဆိုင်ခန်းများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော လျှပ်စစ်ဝိုင်ယာကြိုးများကို အပတ်စဉ်/လစဉ်စစ်ဆေးအသုံးပြုရန်၊ မီးလောင်မှုမီးလန့်မှုများ ဖြစ်ပေါ်ပါက နီးစပ်ရာမြို့နယ် မီးသတ်စခန်းသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့အကူအညီ တောင်းခံကြရန်စသည့် မီးဘေးအန္တရာယ် သတိပြုလိုက်နာရမည့် အချက်များကို ဈေးသူ ဈေးသားများ သိရှိစေရန် အကြံပြုဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ်၌ စက်သုံးဆီပြတ်လပ်မှုမရှိစေရေး မြေပြင်ကွင်းဆင်းစစ်ဆေး

**မော်လမြိုင် မတ် ၂၂**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ စက်သုံးဆီ ဖြိုးခြံချွေတာရေးနှင့် ဖူလုံမှုရှိစေရေးအတွက် ပြည်နယ်ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၏ ညွှန်ကြားမှုဖြင့် မြို့နယ်ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်နှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက အဖွဲ့သုံးဖွဲ့ခွဲ၍ မော်လမြိုင်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ရေနံထွက်ပစ္စည်း အရောင်းဆိုင်များ ကြီးကြပ်မှုဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် ပြည်သူများ အဆင်ပြေချောမွေ့စွာဝယ်ယူနိုင်ရေးအတွက် ဈေးနှုန်းမှန်ကန်စွာရောင်းချရေး၊ ဆီပြတ်လပ်မှုများမဖြစ်ပေါ်ရေး စက်သုံးဆီဝယ်ယူရာတွင် ယာဉ်လိုင်စင်သက်သေခံဗီးတက် (သို့မဟုတ်) အံ့နာဘုတ်ပြသစေ၍ စစ်ဆေးရောင်းချသွားရန်၊ စုံ၊ မ ခွဲခြားမောင်းနှင်မှုစနစ်အား လိုက်နာရန်နှင့် စုံရက်၊ မရက်အလိုက် ယာဉ်များကို စက်သုံးဆီများရောင်းချပေးရန်နှင့် အဆိုပါ စည်းကမ်းချက်များအား ပြည်သူများသိရှိနိုင်ရန် ဗီနိုင်းဆိုင်းဘုတ်များ စိုက်ထူချိတ်ဆွဲ၍ ကြေညာပေးရန်တို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## မြစ်သားမြို့နယ်၌ နွေသီးနှံစိုက်ပျိုးသည့် တောင်သူများအား ရွက်ဖျန်းအားဆေး၊ မျိုးစေ့များ အခမဲ့ထောက်ပံ့

**မြစ်သား မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅- ၂၀၂၆ ခုနှစ် နွေသီးနှံစိုက်ပျိုးသည့် တောင်သူများအား ဓာတ်မြေဩဇာ စုပေါင်းရောင်းချခြင်းနှင့် ရွက်ဖျန်းအားဆေး၊ မျိုးစေ့များ အခမဲ့ ထောက်ပံ့ပေးခြင်း၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရန် ရည်ရွယ်၍ ပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းနိုင်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီဌေးက နွေသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒီဝင်းက တောင်သူဦးကြီးများအား ခေတ်မီစိုက်ပျိုးနည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ လေ့လာကျင့်သုံး စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက ဒေသခံတောင်သူများအား နေကြာမျိုးစေ့၊ ဝါမျိုးစေ့များနှင့် ရွက်ဖျန်းအားဆေးများကို အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမင်းထွန်း(မြစ်သား)**

## ပုဗ္ဗသီရိမြို့နယ်၌ အခြေခံအင်္ဂလိပ်စာ (Grammar) သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် မတ် ၂၂**

ကျောင်းသား ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန် ရည်ရွယ်၍ အခြေခံအင်္ဂလိပ်စာ (Grammar) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပုဗ္ဗသီရိမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးဇော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားပြီး သင်တန်းနည်းပြ ဆရာဦးကောင်းထက်က သင်ကြားမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အခြေခံအင်္ဂလိပ်စာ (Grammar) သင်တန်းတွင် ကျောင်းသား ကျောင်းသူ ၂၃ ဦးအား မတ် ၂၂ ရက်မှ ၂၆ ရက်အထိ သင်ကြားပို့ချပေးသွားမည် ဖြစ်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အနေဖြင့် ကျောင်းသား ကျောင်းသူများအား ယခုသင်တန်းအပြင် အခြေခံပန်းချီရေးဆွဲနည်း သင်တန်းကိုဖွင့်လှစ် သင်ကြားပေးခဲ့ကြောင်း သိရသည်။



**အောင်ကို(ပုဗ္ဗသီရိ)**

## ရေချွေတာရေး နည်းလမ်းများ

- ❄ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ❄ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- ❄ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- ❄ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ❄ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။

## ကျောက်ကြီးမြို့နယ်အတွင်းရှိ ကျောက်လုံးကြီးစေတီတော်မြတ်အား ရောင်တော်ဖွင့်လုံးတော်ပြည့်ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်း



**ကျောက်ကြီး မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် သိန်တန်းရပ်ကွက်ရှိ ရွှေမင်းဝန်ဓမ္မရိပ်သာ ကုန်းမြေ ကသစ်ဝိုင်ဓမ္မရိပ်သာ ကုန်းတော်ပေါ်ရှိ ကျောက်လုံးကြီးစေတီတော်မြတ်အား ကုန်းကျောင်း ပရိယတ္တိစာသင်တိုက် ဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တစန္ဒိမာထံမှ ဩဝါဒခံယူ၍ ယနေ့နံနက်ပိုင်းက စတင်ပြီး လုံးတော်ပြည့်ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ကျောက်လုံးကြီးစေတီတော်အား လုံးတော်ပြည့် ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းမှုကို ကျောက်ကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေလင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မျိုးထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးနီဌေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကျောက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေး၊ ကပ်ရောဂါဘေးကင်းဝေးစေရေး၊ သဘာဝဘေးအန္တရာယ်များ ပပျောက်စေရန်နှင့် အန္တရာယ်အမျိုးမျိုးမှကင်းဝေးစေရန် ရည်ရွယ်၍ ဆက်ကပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးနဲမြို့နယ်၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာကုန်ထုတ်လမ်းနှင့် ကွန်ကရစ်တံတားဖွင့်



**မိုးနဲ မတ် ၂၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော နားခံကျေးရွာ ကုန်ထုတ်လမ်းနှင့် ကွန်ကရစ်တံတားသစ်ဖွင့်ပွဲကို အဆိုပါလမ်းနေရာ၌ ယနေ့နံနက် ၈ နာရီခွဲက ကျင်းပသည်။

ဦးစွာ ကျေးရွာကုန်ထုတ်လမ်းနှင့် ကွန်ကရစ်တံတားသစ် မုခ်ဦးကို နမ့်စန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်မြင့်လွင်ဦး၊ မိုးနဲမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းစိုးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါကျေးရွာ ကုန်ထုတ်လမ်း လေးဖာလုံနှင့် ကွန်ကရစ်တံတား အရှည် ၁၃ ပေ၊ အကျယ် ၁၇ ပေနှင့် အမြင့် ခုနစ်ပေကို ခွင့်ပြုရန်ပုံငွေကျပ် ၇၂ ဒသမ ၇၈၃ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီနှင့် ဌာနတို့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ကုန်ထုတ်လမ်းနှင့် တံတားပြီးစီးသွားသည့်အတွက် စိုက်ပျိုးမြေ ဧက ၂၅၅၀၊ အိမ်ခြေ ၅၁၀ နှင့် လူဦးရေ ၂၅၄၃ ဦးအတွက် အကျိုးပြုနိုင်မည့် လမ်းနှင့်တံတားဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## ကဝမြို့နယ်၌ (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကဝ မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့တွင် ကဝမြို့နယ် စည်ပင်သာယာဈေးကြီးအတွင်း အခမဲ့ဖြန့်ဝေပေးသည်။



အဆိုပါလက်ကမ်းစာစောင်တွင် (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ၂၇-၃-၂၀၂၅ ရက် နှစ်(၈၀) ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်၊ တပ်မတော်စွမ်းရည်(၃)ရပ်၊ တပ်မတော်အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းပုံ၊ ခိုင်ကျည်ရဲဝံ့စွန့်စားသည့် သန္နိဋ္ဌာန်စိတ်ထားဖြင့် ထာဝစဉ်ရှင်သန်ရပ်တည်၊ ဆောင်ပုဒ်၊ ကဗျာ၊ ကာတွန်း စသည့်အချက်များ ပါဝင်ကြောင်းနှင့် အဆိုပါသတင်းစကား လက်ကမ်းစာစောင်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**

## တောင်ငူမြို့၌ ပန်းချီနှင့်ကွန်ပျူတာပန်းချီသင်တန်းဆင်းပွဲကျင်းပ



**တောင်ငူ မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ နွေရာသီ အထူးသင်တန်းများကို တောင်ငူခရိုင် လူထုအခြေပြုဗဟိုဌာန၌ မတ် ၃ ရက်မှ စတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယမန်နေ့က ပန်းချီနှင့် ကွန်ပျူတာ ပန်းချီသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပသည်။

ထိုသို့ ပြိုင်ပွဲကျင်းပရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက သင်တန်းဆင်း အမှာစကားပြောကြားသည်။ ထို့နောက် လက်ထောက် ညွှန်ကြားရေးမှူး၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဇာခြည်အောင်၊ တောင်ငူမြို့နယ် ပန်းချီပန်းပု အစည်းအရုံးနာယက ပန်းချီဆရာ ဦးစိုးမြင့်လေး (တောင်ငူ)၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် တာဝန်ရှိသူများက အခြေခံပန်းချီနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆု (၁)၊ နှစ်သိမ့်ဆု (၂) ရရှိသူများအား ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇော်ကိုကို (တောင်ငူ)**

## စေတုတ္တရာမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**စေတုတ္တရာ မတ် ၂၂**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်ကာလ ကျောင်းသား ကျောင်းသူများ ယဉ်ကျေးလိမ္မာမှုရှိစေရန်၊ ဗုဒ္ဓတရားတော်များကို အခြေခံမှစ သိရှိနားလည်စေရန် ရည်ရွယ်၍ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့က ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာဇာငြိမ်းက ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြဆရာမ ဒေါ်ခင်အေးချိုက ကလေးသူငယ်များအား ဗုဒ္ဓဘာသာဝင်လူမျိုးများ၏ ကိုးကွယ်ယုံကြည်မှုဆိုင်ရာများ၊ (၃၈)ဖြာ မင်္ဂလာကဗျာများနှင့် ကလေးငယ်များယဉ်ကျေးလိမ္မာစေရန် ဆုံးမစာများကို ကျောင်းသား ကျောင်းသူများအား စာတွေ့လက်တွေ့သင်ကြားပို့ချပေးသည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို မတ် ၂၁ ရက်မှ ဧပြီ ၅ ရက်အထိ ၁၆ ရက်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသို့ ကျောင်းသား ကျောင်းသူ ၄၆ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။ **ဆန်းကိုကို(ပြန်/ဆက်)**



## သီပေါမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**သီပေါ မတ် ၂၂**


ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဌာနတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၂၁ ရက်က မြို့နယ်စည်ပင်သာယာရေး မြို့မဈေးကြီးရှေ့၌ ကျင်းပသည်။

ထို့နောက် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်း ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စက်၊ မီးသတ်ပိုက်များဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးအောင်ဖေနှင့် တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Gender (လိင်သဘာဝ) များအကြောင်း အသေးစိတ်ဖော်ပြခဲ့ပြီးဖြစ်သလို လေ့ကျင့်ခန်းများနဲ့လည်း ထပ်မံအားဖြည့်ဖော်ပြပေးထားပါတယ်။ အခုတစ်ခါ အင်္ဂလိပ်စာလေ့လာရာမှာ မသိမဖြစ်သိထားသင့်တဲ့ Case of Nouns (ဝါကျတွင် နာမ်များကို ထားသိုအသုံးပြုပုံ) ကိုရှင်းလင်းဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about intention–I (ရည်ရွယ်ချက်တွေကို ဘယ်လိုပြောမလဲ။) ကို ဆက်လက်ပြီး ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများတိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

**Forming Nouns (နာမ်ဖွဲ့စည်းပုံ) အဆက် Exercise (1)မှအဖြေများ**

| | | |
|---|---|---|
| IV. (1) | billy-goat | nanny-goat |
| (2) | boy scout | girl guide |
| (3) | bridegroom | bride |
| (4) | brother-in-law | sister-in-law |
| (5) | cock-sparrow | hen-sparrow |
| (6) | father-in-law | mother-in-law |
| (7) | headmaster | headmistress |
| (8) | he-bear | she-bear |
| (9) | he-goat | she-goat |
| (10) | jack-ass | she-ass |
| (11) | landlord | landlady |
| (12) | grandfather | grandmother |
| (13) | grandson | granddaughter |
| (14) | male-child | female-child |
| (15) | manservant | maidservant |
| (16) | milkman | milkmaid |
| (17) | peacock | peahen |
| (18) | postman | postwoman |
| (19) | postmaster | postmistress |
| (20) | son-in-law | daughter-in-law |
| (21) | step-father | step-mother |
| (22) | step-son | step-daughter |
| (23) | school-master | school-mistress |
| (24) | tom-cat | tabby-cat |
| (25) | washerman | washerwoman |

Exercise (1)

Arrange the following nouns under the correct headings. Follow the example.

actor, paper, watch, postman, milkmaid, wife, steward, heir, cow, prince, parent, clothes, finger, pupil, friend, spinster, niece, widower, driver, shirt, doctor, waitress, neighbour, mango.

| Masculine | Feminine | Common | Neuter |
|---|---|---|---|
| Boy | girl | baby | book |
| .......... | .......... | .......... | .......... |
| .......... | .......... | .......... | .......... |
| .......... | .......... | .......... | .......... |
| .......... | .......... | .......... | .......... |
| .......... | .......... | .......... | .......... |
| .......... | .......... | .......... | .......... |

**Exercise (2) Rewrite the following sentences changing all masculine nouns into feminine.**

**e.g.** My uncle thanked the host.

My aunt thanked the hostess.

1. The car instructor is a widower.
2. The priest prayed to the gods in the temple.
3. His papa is a steward.
4. Our landlord threats his step-son cruelly.
5. The emperor praised the hero.
6. The washerman's son is a waiter.
7. The wizard turned the prince into a drake.
8. His nephew is your husband's friend.
9. The hunter shot a tiger and a lion.
10. The bridegroom's father is a postman.

**Case of Nouns (ဝါကျတွင် နာမ်များကို ထားသိုအသုံးပြုပုံ)**

**နာမ် (Noun) တွင် Case ရှိသည်။ Case ဆိုသည်မှာ ဝါကျတစ်ကြောင်းတွင် ရှိသော နာမ် (Noun) သို့မဟုတ် နာမ်စား (Pronoun) ၏ နေရာအထား** အသိုပင် ဖြစ်သည်။ ဝါကျတွင် အသုံးပြုသော နာမ် (Noun) ၏ နေရာပေါ်မူတည်ပြီး အဓိပ္ပာယ်အမျိုးမျိုးပြောင်းလဲနိုင်သည်။ နာမ် (Noun) ဆောင်ရွက်နိုင်သည့် ကိစ္စလေးမျိုးရှိသည်။ ၎င်းတို့မှာ

(၁) **Nominative Case or Subjective Case**
(ကတ္တားကိစ္စကို ဆောင်ရွက်ခြင်း)

(၂) **Accusative Case**
(တိုက်ရိုက်ကံကိစ္စကိုဆောင်ရွက်ခြင်း)

(၃) **Dative Case**
(သွယ်ဝိုက်ကံကိစ္စကိုဆောင်ရွက်ခြင်း)

(၄) **Possessive Case**
(ပိုင်ဆိုင်မှုကိစ္စကိုဆောင်ရွက်ခြင်း) တို့ဖြစ်သည်။

## Vocabulary Enrichment Programme

❖ **to have an axe to grind = (မလိုမုန်းထားမှုကြောင့် သို့မဟုတ် ကိုယ်ကျိုးရလိုမှုကြောင့် တစ်ခုခုလုပ်သည်။)**

Environmentalists ***have no political axe to grind***—they just want to save the planet.

ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ ပုဂ္ဂိုလ်တွေက နိုင်ငံရေးအကျိုးအမြတ်ရလိုမှုမရှိဘူး။ သူတို့က ကမ္ဘာကြီးကို ကယ်တင်ချင်ရုံပါပဲ။

❖ **to back out (ကတိ၊ သဘောတူညီချက်) ရုပ်သိမ်းသည်။**

You agreed to come. You can't ***back out*** now!

မင်းလာဖို့သဘောတူခဲ့တယ်။ မင်းကတိကို ဖျက်လို့မရဘူးနော်။

❖ **to have no backbone (ခွန်အား၊ သတ္တိမရှိ)**

He ***doesn't have the backbone*** to face the truth.

အမှန်တရားကို ရင်ဆိုင်ဖို့သူ့မှာ ခွန်အားမရှိဘူး။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## Conversation



### How to talk about intention–I (ရည်ရွယ်ချက်တွေကို ဘယ်လိုပြောမလဲ။)

ကိုယ်လုပ်ဖို့စဉ်းစားထားတာ၊ ကိုယ်လုပ်ဖို့ ရည်ရွယ်ထားတာ၊ ကိုယ်ဘာလုပ်မလဲဆိုပြီး ဆုံးဖြတ်ချက်ချထားတာတွေကို ဖော်ပြပြောဆိုတဲ့အခါမှာ ဘယ်လိုသုံးရမလဲ၊ ဘယ်လိုပြောရမလဲဆိုတဲ့ စကားပြောပုံစံတွေနဲ့ အသုံးအနှုန်းတွေကို ဒီတစ်ပတ်မှာ **How to talk about intentions–1** ဆိုပြီး ဖော်ပြပေးလိုက်ပါတယ်။

***I'm going to …***

***I'm …***

***I think I'll …***

***I'll …***

***I'm thinking of …***

၁။ ကိုယ်ဘာလုပ်တော့မလဲဆိုပြီး ပြောချင်တဲ့အခါမှာ ပြောလေ့ရှိတဲ့ အသုံးအနှုန်းတစ်ခုကတော့ **I'm going to …** ပဲဖြစ်ပါတယ်။ "ကျွန်တော်လုပ်တော့မယ် …" ဆိုတဲ့ သဘောပဲ ဖြစ်ပါတယ်။ ဥပမာ။

- I'm going to spend the afternoon gardening.
- I'm going to spend Christmas with my parents.
- I'm going to study medicine when I leave school.

ဘာသာစကားရှုထောင့်

ဒီနေရာမှာ ကိုယ်မလုပ်တော့ဘူးဆိုပြီး ပြောတဲ့ အသုံးလေးကို မှတ်စေချင်ပါတယ်။ အဲဒါကတော့ **I'm not going to …** ပဲ ဖြစ်ပါတယ်။ ဥပမာ–

- I'm not going to spend the summer abroad this year.

၂။ နောက်တစ်ခါ ကိုယ်ဘာလုပ်တော့မလဲဆိုပြီး ပြောတဲ့အခါ သုံးလို့ရတဲ့ ပုံစံတစ်မျိုးကတော့ **Present Progressive Tense** လို့ခေါ်တဲ့ **am, is, are + Ving** ပုံစံပဲဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာ တိကျတဲ့ အချိန်တစ်ခုနဲ့ ဖော်ပြလေ့ရှိပါတယ်။ ဥပမာ–

- I'm leaving for the station now.
- I'm having a barbecue next Saturday.
- I'm taking Sue out to dinner tomorrow evening.

ဘာသာစကားရှုထောင့်

အလားတူ **Present Progressive Tense** နေရာမှာ နောက်တစ်မျိုးအစားထိုးပြီးပြောလို့ရတဲ့ ပုံစံတစ်မျိုးကတော့ **Future Progressive Tense** ပဲ ဖြစ်ပါတယ်။ သူ့ရဲ့ပုံစံကတော့ **will/shall + be + Ving** ပုံစံပဲ ဖြစ်ပါတယ်။ ဒီအသုံးကိုလည်း ကိုယ်ဘာလုပ်တော့မလဲဆိုပြီး ပြောတဲ့အခါမှာ သုံးလို့ရပါတယ်။ ဥပမာ–

- Are you going by train?
  No, I'll be going by air. I'll be leaving tomorrow.

၃။ ကိုယ်ဘာလုပ်တော့မလဲ သို့မဟုတ် လုပ်ကောင်းလုပ်မယ်လို့ ပြောချင်တဲ့အခါမှာ သုံးလို့ရတဲ့ နောက်စကား ပြောပုံစံတစ်မျိုး ကတော့ **I think I'll …** ပဲ ဖြစ်ပါတယ်။ ဥပမာ–

- I think I'll drive to work tomorrow. I'm going shopping after work and I'll have a lot to carry.
- I think I'll take my holiday in September next year.

ဘာသာစကားရှုထောင့်

ကိုယ်မလုပ်တော့ဘူး သို့မဟုတ် လုပ်ကောင်းလုပ်လိမ့်မယ်မဟုတ်ဘူးလို့ ပြောချင်တဲ့အခါမှာ အငြင်းပုံစံလေးနဲ့ပြောပါတယ်။ အငြင်းပုံစံလေးကတော့ **I don't think I'll …** ပဲ ဖြစ်ပါတယ်။ ဥပမာ–

- I don't think I'll go skiing this year.

၄။ အရပ်ပြောအနေနဲ့ ကိုယ်ဘာလုပ်တော့မလဲဆိုပြီး ပြောချင်ရင်တော့ **I'll …** ကို သုံးပါတယ်။ ဥပမာ–

- I'll move to the country, I think.
- I'll go to university straight after school.

၅။ ကိုယ်တစ်ခုခုလုပ်မလို့ စဉ်းစားနေတယ်လို့ ပြောချင်ရင်၊ ကိုယ်လုပ်မယ့်ကိစ္စက ယောင်ဝါးဝါး ဖြစ်နေရင်တော့ သုံးရမယ့် ပုံစံကတော့ **I'm thinking of …** ပဲ ဖြစ်ပါတယ်။ ဥပမာ–

- I'm thinking of taking a few days off at Christmas and go skiing.
- I'm thinking of looking for a new job when I come back from holiday.

ဘာသာစကားရှုထောင့်

တစ်ခါတစ်ရံမှာ ဒီလိုမျိုးလည်း သုံးနိုင်ပါတယ်။ ဥပမာ–

- I though I might go and visit my grand-mother this summer, but she lives a long way away.

ဒီနေရာမှာ **I thought I might …** ဆိုတဲ့ အသုံးက ကိုယ်လုပ်မယ့်ကိစ္စက သိပ်ပြီးမသေချာသေးရင် ဒါမှမဟုတ် ယောင်ဝါးဝါးဖြစ်နေရင် သုံးတာပါ။

**Plans for the weekend**

**Sally:** How are you going to spend the weekend, Sue?

**Sue:** I'm going to go shopping with Meg on Saturday and I'm going to visit my parents on Sunday. How about you?

**Sally:** I'm taking my Mum out to luch on Saturday. I'll be staying in on Sunday because I really have to clean my flat.

**Sue:** I think I'll clean mine tonight. It's in a real mess. Meg's been staying with me and she's very untidy. I don't think I'll let her stay again.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၂၈၉၅၄၄၆၂ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ဖိလစ်ပိုင်တင်းနစ်မယ် အယ်လာ မိုင်ယာမီအိုးပင်း ၁၆ ဦးအဆင့် တက်ရောက်

ဖိလစ်ပိုင်တင်းနစ်မယ် အဲလက်စ်ဇန္ဒြာ အယ်လာသည် မိုင်ယာမီအိုးပင်းအမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲ ၃၂ ဦးအဆင့်တွင် နာမည်ကြီး ပိုလန်တင်းနစ်မယ် မက်ဂ်ဒါလင်နက်တီကို အကြိတ်အနယ်ကစားပြီး ၆-၃၊ ၇-၆ (၇-၂) ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၁၆ ဦးအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။

အယ်လာနှင့် လင်နက်တီတို့သည် ယခုပြိုင်ပွဲမတိုင်မီကျင်းပခဲ့သည့် ASB Classic ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ထိပ်တိုက်တွေ့ဆုံထားပြီး အယ်လာကပင် ၆-၃၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်ထားနိုင်သည်။

ထို့အပြင် အယ်လာသည် ယခုလအစောပိုင်းက ကျင်းပခဲ့သည့် အင်ဒီးယန်းဝဲလ်စ်အိုးပင်းပြိုင်ပွဲ တွင် ၁၆ ဦးအဆင့်အထိ တက်လှမ်းထားသည်။

၎င်းသည် မိုင်ယာမီအိုးပင်းပြိုင်ပွဲ ၁၆ ဦး အဆင့်တွင် ချက်ဇ်တင်းနစ်မယ် မူချိုဗာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မူချိုဗာသည် ၃၂ ဦးအဆင့်တွင် ဗြိတိန်နာမည်ကြီးတင်းနစ်မယ် ဘောဲလ်တာ ကို ၆-၃၊ ၇-၅ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၁၆ ဦးအဆင့် တက်လှမ်းလာသူ ဖြစ်သည်။



အယ်လာနှင့်အတူ အင်ဒီးယန်းဝဲလ်စ်အိုးပင်း ပြိုင်ပွဲ ၁၆ ဦးအဆင့်သို့ အခြားနာမည်ကြီး တင်းနစ်မယ်များဖြစ်သည့် အမန်ဒါ အနီဆီမိုဗာ၊ ဘီလင်ဒါ ဘင်းဆစ်၊ ကိုကို ဂေါ့ဖ်၊ အန်ဒရေဗာ၊ ဆိုရာနာ ဆာစတီယာ၊ ဗစ်တိုးရီးယား အမ်ဘိုကိုတို့ တက်လှမ်းနိုင်ခဲ့သည်။

## တိုက်စစ်ကစားသမား ဟယ်ရီကိန်း၏ ပြိုင်ပွဲစုံ သွင်းဂိုး ၄၈ ဂိုးအထိရှိလာ

တိုက်စစ်ကစားသမား ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းက ယူနီယံဘာလင်ကို လေးဂိုးပြတ် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ယခုနှစ်ရာသီ ပြိုင်ပွဲအရပ်ရပ် သွင်းဂိုး ၄၈ ဂိုးရှိလာခဲ့ပြီ ဖြစ်သည်။ ၎င်းသည် ၂၀၂၃-၂၀၂၄ ရာသီက ဘိုင်ယန်မြူးနစ်အသင်းအတွက် ပြိုင်ပွဲစုံ ၄၅ ပွဲပါဝင်ကစားထားပြီး ၄၄ ဂိုးအထိ သွင်းယူပေးထားသည်။ အသက် ၃၂ နှစ်အရွယ် ဟယ်ရီကိန်းသည် ဘွန်ဒက်စ်လီဂါသွင်းဂိုး ၃၁ ဂိုးအထိ သွင်းယူထားနိုင်ပြီလည်း ဖြစ်သည်။ ၎င်းသည် ဘွန်ဒက်စ်လီဂါတွင် တစ်ရာသီအတွင်း ၄၁ ဂိုးဖြင့် ဂိုးအများဆုံး စံချိန်တင်ထားသည့် တိုက်စစ်ကစားသမား လီဝမ်ဒေါစကီး၏ စံချိန်ကို လိုက်မီရန် လိုအပ်နေသေးသည်။ သို့သော်လည်း လက်ကျန်ပွဲစဉ်များ ယှဉ်ပြိုင်ကစားရန် ကျန်ရှိနေသေးသည့်အတွက် အဆိုပါစံချိန်ကို ကျော်ဖြတ်သွားနိုင်မည်လား စောင့်ကြည့်ရမည် ဖြစ်သည်။

## လာမည့်ရာသီတွင် ဘီလ်ဘာအိုအသင်းမှ နည်းပြ ဗယ်လ်ဗာဒီ ထွက်ခွာမည်

နည်းပြ အာနက်စ်တို ဗယ်လ်ဗာဒီသည် လာမည့်ရာသီတွင် ဘီလ်ဘာအိုအသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း မတ် ၂၀ ရက်က ထုတ်ပြန်ကြေညာလိုက်ပြီ ဖြစ်သည်။

ထိုကဲ့သို့ ဆုံးဖြတ်ရာတွင် အချိန်ကာလတစ်ခုကြာ စဉ်းစားခဲ့ရကြောင်း၊ ကလပ်အသင်းနှင့်လည်း ဆွေးနွေးထားပြီးဖြစ်ကြောင်း ဗယ်လ်ဗာဒီက ပြောသည်။ အဆိုပါ ဆုံးဖြတ်ချက်မှာ အသက် ၆၂ နှစ်အရွယ် ဗယ်လ်ဗာဒီအတွက် တတိယမြောက်နှင့် အအောင်မြင်ဆုံး နည်းပြသက်တမ်းတစ်ခုကို အဆုံးသတ်လိုက်ခြင်းဖြစ်သည်။

၎င်းသည် ဘီလ်ဘာအိုအသင်း နှစ်ပေါင်း ၄၀ ကြာ မျှော်လင့်စောင့်စားနေသည့် ကိုပါဒယ်ရေးဖလားကို ၂၀၂၄ ခုနှစ်တွင် ဆွတ်ခူးပေးနိုင်ခဲ့သည်။ ထို့အပြင် ပြီးခဲ့သည့်ရာသီ ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း ဘီလ်ဘာအိုအသင်းကို ဆီမီးဖိုင်နယ်အဆင့်အထိ ပို့ဆောင်ပေးထားနိုင်သည်။

ဗယ်လ်ဗာဒီ၏ ဘီလ်ဘာအိုအသင်းသည် ယခုနှစ်ရာသီ လာလီဂါ ၂၈ ပွဲကစားပြီးချိန်တွင် ရှုံးပွဲ ၁၃ ပွဲအထိ ရှိလာပြီ ဖြစ်သည်။ ဘီလ်ဘာအိုအသင်းသည် ယမန်နှစ်က လာလီဂါ ၂၈ ပွဲကစားပြီးချိန်တွင် ရှုံးပွဲ ခြောက်ပွဲသာ ရှိထားသည်။



### ချန်ပီယံရှစ်ထိပ်တန်းဂိုးသွင်းရှင် ဗီပေါ့သ်နစ်ခ် ဆွမ်ဆီးနှင့် စာချုပ်သက်တမ်းတိုး



ချန်ပီယံရှစ်ထိပ်တန်းဂိုးသွင်းရှင် ဇန်ဗီပေါ့သ်နစ်ခ်သည် ဆွမ်ဆီးအသင်းနှင့် ၂၀၃၀ ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုက်ပြီ ဖြစ်သည်။ စလိုဗေးနီးယားတိုက်စစ်ကစားသမားသည် ယခုနှစ်ရာသီ ချန်ပီယံရှစ် ၃၇ ပွဲတွင် ၁၇ ဂိုးအထိ သွင်းယူထားသည်။ ဗီပေါ့သ်နစ်ခ်၏ ယခင်စာချုပ်သက်တမ်းမှာ ၂၀၂၈ ခုနှစ်တွင် ကုန်ဆုံးမည် ဖြစ်သည်။ သို့သော်လည်း သက်တမ်းတိုးစာချုပ်ကြောင့် ဆွမ်ဆီးအသင်းသည် အဆိုပါ တိုက်စစ်ကစားသမားကို ၂၀၃၀ ပြည့်နှစ်အထိ အသင်းတွင် ထိန်းထားနိုင်တော့မည် ဖြစ်သည်။ အသက် ၂၄ နှစ်အရွယ် ဗီပေါ့သ်နစ်ခ်သည် ၂၀၂၄-၂၀၂၅ ရာသီတွင် ပြင်သစ်ကလပ် ဘောဲလ်ဒိုးအသင်းမှ ဆွမ်ဆီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။

## အိုပဲလ်ကာကို ရှုံးနိမ့်ပြီး မိုင်ယာမီအိုးပင်းပြိုင်ပွဲမှ ဂျက်ဒရာပါ ထွက်ရပြီ

ဗြိတိန်နံပါတ် ၂ တင်းနစ်ကစားသမား ဂျက်ဒရာပါသည် မိုင်ယာမီအိုးပင်းပြိုင်ပွဲ ၆၄ ဦးအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား ရေလီအိုပဲလ်ကာကို ၆-၇ (၃-၇)၊ ၆-၇ (၀-၇) ရလဒ်ဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။

ဒရာပါသည် ယခုပြိုင်ပွဲမတိုင်မီ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် အင်ဒီးယန်းဝဲလ်စ်အိုးပင်းပြိုင်ပွဲတွင် နာမည်ကြီး ဖရန်စစ္စကို၊ ဂျိုကိုဗစ်တို့ကို ကျော်ဖြတ်ကာ ကွာတားဖိုင်နယ်အဆင့်အထိ တက်လှမ်းထားနိုင်သူ ဖြစ်သည်။ အသက် ၂၄ နှစ်အရွယ် ဒရာပါသည် ကမ္ဘာ့အဆင့် (၂၆) တွင် ရပ်တည်နေသူ ဖြစ်သည်။

အယ်ကာရက်ဇ်၊ ဆင်းနား၊ စစ်ဆီပတ်၊ တီယာဖိုးတို့ နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့သည်။



## ပရက်စတန်ကွင်းလယ်ကစားသမား သွန်ပဆင် ရေဘူးကန်ကျောက်မှုကြောင့် ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရ

ဘောလုံးအဖွဲ့ချုပ်သည် ချန်ပီယံရှစ်ကလပ် ပရက်စ်တန် ကွင်းလယ်ကစားသမား ဂျော်ဒန်သွန်ပဆင်ကို သုံးပွဲပယ် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

၎င်းသည် ရေဘူးတစ်ဘူးကို ကန်ကျောက်ခဲ့ရာမှ နော့ဝှစ်ချ် ပရိသတ်တစ်ဦးအား ထိမှန်ခဲ့သည့်အတွက် အဆိုပါ ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်း ဖြစ်သည်။ လွန်ခဲ့သည့် မတ် ၁၄ ရက်တွင် ပရက်စ်တန်က နော့ဝှစ်ချ်ကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့သောပွဲစဉ်၏ ပွဲချိန် ၆၅ မိနစ်၌ လူစားလဲခံရချိန်တွင် ယင်းအဖြစ်အပျက်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ သွန်ပဆင်သည် ကြမ်းတမ်းသည့်အပြုအမူမျိုး လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း ငြင်းဆိုထားသော်လည်း လွတ်လပ်သော စည်းကမ်းထိန်းသိမ်းရေးကော်မရှင်က အထောက်အထားများအရ ကျူးလွန်ခဲ့ကြောင်း ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

### နောက်ဆုံးရ အားကစား သတင်းတိုများ

- ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃၉) တွင် နည်းပြလမ်းပတ်၏ ကိုဗင်ထရီက ဆွမ်ဆီးကို သုံးဂိုးပြတ် အနိုင်ယူပြီး အမှတ်ပေးဇယားကို ကိုးမှတ်ပြတ် ဦးဆောင်ထားနိုင်ပြီ ဖြစ်သည်။
- အာဆင်နယ်အသင်းသည် ရိုးမားအသင်းမှ အသက် ၂၂ နှစ်အရွယ် ဘရာဇီးညာခံစစ်ကစားသမား ဝက်စလေ ဖရန်ကာကို ခေါ်ယူနိုင်ရေး အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။
- ဘာစီလိုနာနှင့် ဘရာဇီးတောင်ပံကစားသမား ရာဖင်ညာ ၂၉ နှစ် သည် ဆော်ဒီအာရေဗျကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၂၀၂၆-၂၀၂၇ နှစ်ကုန်အထိ နူးကမ့်မှ ထွက်ခွာမည်မဟုတ်ကြောင်း သိရသည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ဘာစီလိုနာအသင်းအတွက် ၁၉ ပွဲကစားထားပြီး ၁၁ ဂိုးသွင်းကာ သုံးကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားသည်။

■ မိုးဇက်-စုစည်းရေးသားသည်

# လေပြင်းဘေး ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေဦးရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါ ရာသီဥတုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ လွန်ခဲ့သော (၁၁) နှစ်တာ ကာလအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စုစုပေါင်းနေအိမ် ၂၅၄၁၀၀ ကျော် ပျက်စီးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှုအများဆုံးဖြစ်ခဲ့ပြီး လူသေဆုံးမှု ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်း ရှိခဲ့ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လေပြင်းတိုက်ခတ်ပါက အမိုးလန်ခြင်း၊ ယိုင်လဲပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သော ခိုင်ခံ့မှုအားနည်းသည့် နေအိမ်များကို ဦးစားပေးရွေးချယ်ကာ လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ (၈)နှစ်တာကာလအတွင်း နေအိမ်ပေါင်း ၈၆၀၀၀ ကျော်ကို လေပြင်းဒဏ်ခံနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်စဉ်လေပြင်းဘေး ကျရောက်နိုင်သော ဆောင်းအကုန်နွေအကူးကာလမှစ၍ မုတ်သုံမတိုင်မီကာလတွင် နေအိမ်များ လေပြင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဆောက်လုပ်ထားပြီးသောနေအိမ်များအတွက်**

(၁) မိမိအိမ်၏ ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

(၂) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(၃) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/ သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

(၄) အိမ်အကာအရံများ၊ တံခါးများ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။ အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

**(ခ) အသစ်တည်ဆောက်မည့် အိမ်များဖြစ်ပါက**

(၁) အိမ်တိုင်များကို မြေဝင်အနည်းဆုံး နှစ်ပေခွဲ (လက်မောင်းတစ်ဆုံး)အထိ တူးစိုက်ပါ။

(၂) အိမ်တိုင်စိုက်ပြီးပါက တွင်းကို သဲ သို့မဟုတ် သဲပါသော မြေကြီးထည့်၍ ကျပ်ပါ။

(၃) အိမ်တိုင်အလွယ်တကူ ကျွတ်ထွက်မသွားနိုင်ရန် အိမ်တိုင်အောက်ခြေ မြေဝင်ပိုင်းတွင် စို့သံကြီးကြီးနှင့်ဖြစ်စေ၊ ကန့်လန့်သစ်သားတန်း သို့မဟုတ် သပ်ချောင်းနှင့်ဖြစ်စေ ရိုက်ပြီးမှ တိုင်စိုက်ပါ။

(၄) အုတ်ဖိနပ်အသုံးပြုပါက မြေကြီးထဲသို့ အုတ်ဖိနပ်အမြင့်၏ ၃ ပုံ ၂ ပုံထိ မြှုပ်၍ တည်ဆောက်ပါ။ မြေဝင်နက်နက်နှင့် ခိုင်မြဲစွာစိုက်ထူရန် အိမ်တိုင်နှင့် အုတ်ဖိနပ်အား ဇာဝီနှင့် မူလီအသုံးပြု၍ စနစ်တကျ တပ်ဆင်ပါ။

(၅) လေဒဏ်ခံရမှုမှ သက်သာစေရန် မိမိအိမ်၏ တိုသော မျက်နှာစာကို လေပြင်းလာတတ်သည့်ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ပါ။

(၆) လေဒဏ်ကြောင့် အိမ်ခေါင်မိုးပြုတ်မထွက်စေရန်နှင့် အမိုးလွင့်စဉ်ခြင်းမှ ကာကွယ်နိုင်ရန် ခေါင်မိုးများ၏ အမိုးစောင်းများကို ၃၀ ဒီဂရီ သို့မဟုတ် လက်သမားအခေါ်လက်မအချိုးအနည်းဆုံးထားပါ။ တံစက်မြိတ်၏ အစွန်းများကိုလည်း ၁၈ လက်မ (တစ်တောင်)ထက် ပိုမထွက်အောင် ဆောက်လုပ်ပါ။

(၇) သွပ်ပြားမိုးရာတွင် လေဒဏ်ကြောင့် လွင့်စဉ်ခြင်း၊ မိုးရေယိုစိမ့်ခြင်းမှ ကာကွယ်ရန် သွပ်သံကို အပေါ် ဘက်ခုံးနေသောနေရာတွင် တစ်ခုံးကျော် ရိုက်ပါ။

(၈) သက်ငယ်မိုးရာတွင် တစ်ချပ်နှင့်တစ်ချပ် ၄ လက်မ ခန့်ခြား၍ နီးဖြင့်ခိုင်ခိုင်တုပ်ပြီး ထူထူမိုးပါ။

(၉) အိမ်ခေါင်မိုး၊ ကိုယ်ထည်၊ ကြမ်းပြင်၊ အိမ်တိုင်များကို မြေကြီးအထိ တစ်ခုနှင့်တစ်ခု တစ်ဆက်တစ်စပ်တည်း စနစ်တကျ ချိတ်ဆက်ထားပါ။ နေအိမ်ရဲ့တိုင်၊ ရက်မနှင့် ဆင့်များအား မူလီဖြင့် သေချာစွာ တွဲဆက်ထားပါ။

(၁၀) အိမ်နံရံများတွင် ခိုင်ခံ့သော ထောက်တန်းများ ထည့်၍ အိမ်ကိုယ်ထည် မစောင်း၊ မရွေ့၊ လည်မထွက်သွားစေရန် ဆောက်လုပ်ပါ။

၆။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်အတူ လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းပေါက်များအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

၇။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်း လုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေထိုင်ပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများစသည့် အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၈။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မွေးမြူရေးတိရစ္ဆာန်များ အပူရှိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူရှိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်များကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစာအစားများကို ဖြည့်စွက်ကျွေးမွေးရန်၊\

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သော နေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများ ထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## နေ့စဉ် လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။


ဆီးချိုသွေးချိုရောဂါရှင်များကျန်းမာဖို့
ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးကြပါစို့
ကာကွယ်ဆေး မထိုးနှံဖြစ်စေသော အကြောင်းအရင်းများ
- ရောဂါအခံရှိသောကြောင့် ကာကွယ်ဆေးထိုးနှံရမည်ကို ကြောက်ခြင်း
- မိမိသောက်နေကြဆေးများနှင့် ကာကွယ်ဆေး ဓာတ်မတည့်ဖြစ်မည်ကို ကြောက်ခြင်း
- ဆေးထိုးစုရပ်များသို့လာရောက်ရန်ခက်ခဲခြင်း
- ပတ်ဝန်းကျင်မှပြောသော သတင်းစကားအမှားများကြောင့် ကာကွယ်ဆေးမထိုးနှံခြင်း
- မိသားစုဝင်များမှ အသက်ကြီးသဖြင့် ကာကွယ်ဆေးထိုးနှံရန် မလိုအပ်ဟု ထင်မြင်၍ လာရောက်မထိုးပေးခြင်း
COVID-19
VACCINE
ကာကွယ်ဆေး ထိုးနှံသင့်သော အကြောင်းအရင်းများ
- ရောဂါအခံရှိသူချင်းအတူတူ ကာကွယ်ဆေးထိုးနှံထားသောသူက မထိုးထားသူထက် ကူးစက်နိုင်ခြေ ပိုမိုနည်းပါးခြင်း
- ကာကွယ်ဆေးထိုးနှံပြီးပါက ပုံမှန်သောက်နေကျဆေးဝါးများကို ဆက်လက်သောက်သုံးနိုင်ခြင်း
- ဆေးထိုးစုရပ်များသို့ အနီးအနားမှ ရောဂါရှင်များ စုစည်း၍ လာရောက်ထိုးနှံနိုင်ခြင်း
- သက်ကြီးရွယ်အိုများအနေဖြင့် ရောဂါခုခံအားနည်းသဖြင့် ကာကွယ်ဆေးထိုးနှံမှုခံယူရန် ပိုမိုလိုအပ်ခြင်း
မိသားစုဝင်များအနေဖြင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ/ဆီးချိုသွေးချိုရောဂါရှိသူများအား
ကာကွယ်ဆေးထိုးနှံမှု အကြိမ်ပြည့်ခံယူနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြရန်လိုအပ်ပါသည်


အရက်သောက်ခြင်းကြောင့်
ဖြစ်ပွားနိုင်သော နောက်ဆက်တွဲပြဿနာများ
အရက်သောက်ခြင်းသည် ရုပ်ပိုင်းဆိုင်ရာရောဂါများ၊စိတ်ပိုင်းဆိုင်ရာပြဿနာများနှင့်
လူမှုရေးဆိုင်ရာပြဿနာများဖြစ်ပွားစေသည်သာမက ဖြတ်မရအောင် စွဲလမ်းစေတတ်ပြီး
အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။
အရက်ကြောင့်ဖြစ်သော ရုပ်ပိုင်းဆိုင်ရာရောဂါများ
အာရုံကြောများ အားနည်းခြင်း
ဦးနှောက်ကျုံ့ခြင်း၊ တက်ခြင်း
အစာအိမ်ရောင်ခြင်းနှင့် အသည်းကင်ဆာဖြစ်ခြင်း
သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ
ပန်းသေပန်းညှိုးဖြစ်ခြင်း
အာဟာရဓါတ်၊ ဗီတာမင်ဓါတ်များ ချို့တဲ့ခြင်း
အရက်ကြောင့်ဖြစ်သော စိတ်ပိုင်းဆိုင်ရာပြဿနာများ
သံသယစိတ်လွန်ကဲခြင်း
အမှန်တကယ်မရှိသော အသံများကြားရခြင်း၊ မြင်ရခြင်း
စိုးရိမ်စိတ်လွန်ကဲခြင်း
စိတ်ဓါတ်ကျခြင်း
ကိုယ်ပိုင်အရည်အချင်းများ၊ ဆုံးဖြတ်ချက်များ ချို့ယွင်းလာခြင်း
မိမိကိုယ်ကို သေကြောင်းကြံစည်ခြင်း၊ သတ်သေခြင်း
ကိုယ်ပိုင်အရည်အချင်းများ ချို့ယွင်းလာခြင်း
အမှန်တကယ်မရှိသော အသံများ ကြားရခြင်း မြင်ရခြင်း
အရက်ကြောင့်ဖြစ်သော လူမှုရေးပြဿနာများ
မိသားစု၊ သူငယ်ချင်းများနှင့် အဆင်မပြေဖြစ်ခြင်း
ပညာရေး၊ စီးပွားရေး၊ လူမှုရေး ထိခိုက်စေခြင်း၊
ယာဉ်မတော်တဆမှုများဖြစ်နိုင်ခြင်း
အိမ်ထောင်ရေးအဆင်မပြေဖြစ်ခြင်း
မိသားစု စိတ်ဖိစီးခြင်း
ကလေးငယ်များ စိတ်ဒဏ်ရာရခြင်း
အိမ်ထောင်ပြိုကွဲသည်အထိ ဖြစ်နိုင်ခြင်း
အရက်သောက်ခြင်းကို အစမပြုမိစေရန်လိုအပ်ပါသည်။
အရက်ဖြတ်လိုပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများတွင် အမြန်ဆုံးသွားရောက် တိုင်ပင်ဆွေးနွေးပါ။


ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူပြီးသော်လည်း
ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ
ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုကိုအကြိမ်ပြည့် မပျက်မကွက်ခံယူပါ၊
ကိုဗစ်-၁၉ရောဂါကို မိမိကစ၍ ဆက်လက်ကာကွယ်ပါ
တစ်နိုင်သမျှ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေပါ
သံသယလက္ခဏာခံစားရလျှင် ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်ပါ
ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ဆိုးပါ
ပြတင်းပေါက်များကို ဖွင့်ထားပါ။
လက်ကို စက္ကန့်(၂၀)ကြာ ဆေးကြောပါ
တတ်နိုင်သမျှ အိမ်မှာနေပါ
လူစုလူဝေး ရှောင်ပါ
သံသယလက္ခဏာခံစားရလျှင် ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်ပါ
ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့်
ကာကွယ်ရေးနည်းလမ်းများကိုလိုက်နာခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများ-
၁။ ကိုယ့်ကိုကိုယ် ကာကွယ်နိုင်ခြင်း
၂။ အခြားသူများကို ကာကွယ်နိုင်ခြင်း
၃။ မျိုးဗီဇပြောင်းပိုးများ ကူးစက်မှုမှ ကာကွယ်နိုင်ခြင်း
၄။ ရောဂါကူးစက်မှု ကွင်းဆက်ကို ဖြတ်တောက်နိုင်ခြင်း
၅။ ကျန်းမာရေးဝန်ထမ်းများ၏ အလုပ်တာဝန်ပိမှုကို လျှော့ချနိုင်ခြင်း
"ကိုဗစ်-၁၉ကို ရပ်တန့်ဖို့ ရောဂါကာကွယ်ရေးနည်းလမ်းများကို
အားလုံးဆက်လက်လိုက်နာကြပါစို့"


နေ့စဉ်ဘဝတွင် ပုံမှန်စားသုံးသင့်သည့် ထမင်းတစ်ပန်းကန်စာ နမူနာ
(Plate Model for Balanced Diet)
ထမင်းစားပန်းကန်၏ မျက်နှာပြင်ကို လေးပိုင်းခွဲပါ။
လေးပုံတစ်ပုံတွင် ကစီဓာတ်ပါသော အစားအစာများကို ထည့်ပါ။
(ဥပမာ - ထမင်း၊ ကြာဇံ၊ ခေါက်ဆွဲ၊ ပေါင်မုန့်၊ ပလာတာ၊မုန့်ဟင်းခါး၊မုန့်ဖတ်၊ ...စသည်)
ကျန်တစ်ပုံတွင် အသားဓာတ်ပါသော အစားအစာ၊ (ဥပမာ - အသား၊ ငါး၊ ပဲ၊ ဥ အမျိုးမျိုး) များကို ထည့်ပါ။
ကျန်နှစ်ပုံ (သို့မဟုတ်) ထမင်းစားပန်းကန်၏ ဧရိယာထက်ဝက်တွင် ဟင်းသီးဟင်းရွက် အစုံအလင်ထည့်ပါ။
အသင့်အတင့်စားပါ
(အသားဓါတ်ပါသော
အစာများအား ၁/၄ စားသုံးပါ)
များများစားပါ
(အသီးအရွက်များအား
တစ်ဝက်ခန့် စားသုံးပါ)
လျှော့စားပါ
(ကစီဓါတ်ပါသော
အစာများအား ၁/၄ စားသုံးပါ)
တစီဓာတ်ပါဝင်သော အစားအစာများ
(ဥပမာ - ထမင်း)
ရေဆာလျှင် ရေကိုသာသောက်ပါ။ အချိုရည် မသောက်ပါနှင့်။ အစားအစာ ပုံမှန်ပမာဏကို
သင့်တင့်မျှတစွာဖြင့် အချိန်မှန်စားပါ။ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း ပုံမှန်လုပ်ပါ။
ဆေးလိပ်၊ ဆေးရွက်ကြီး/ ကွမ်းယာ၊ အရက်နှင့် မူးယစ်ဆေးဝါး ရှောင်ကြဉ်ပါ။
ဆေးလိပ်
ကွမ်းယာ
မူးယစ်ဆေး
အရက်

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင် ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရသတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှုအရင်းအနှီးအတွက်သာ လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရှိကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံ ခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်းမပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊

(ခ) လမ်းဆုံလမ်းခွ၊

(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊

(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊

(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊

(စ) လမ်းကျဉ်းအတွင်း၊

(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊

(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ၊ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊

(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊

(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊

(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊

(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက် (Yellow Box)နေရာ၊

(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေ နိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## ခွေးရူးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့် ရောဂါတစ်ခုဖြစ်သည်။ ခွေး၊ ကြောင်၊ မြွေပါ၊ ခွေးအနှင့် မြေခွေးတို့တွင် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုးကူးစက်ထားရသော ခွေး၊ ကြောင်များ၏ တံတွေးမှတစ်ဆင့် အများဆုံး ကူးစက်ခံရပြီး ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို ခွေးရူးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား တစ်နှစ်(၁)ကြိမ်ပုံမှန်ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးနှံရန်၊

(၂) မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား လမ်းပေါ်မှ ခွေးလေ၊ ခွေးလွှင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက် ဆောင်ရွက်ရန်၊

(၃) အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ ထွက်ရန်၊

(၄) မိမိအိမ် (သို့မဟုတ်) ရပ်ကွက်ထဲတွင် ခွေးရူးရောဂါဖြစ်နေသည်ဟုသံသယရှိပါကသက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားရန်၊

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## အမှန်တကယ် ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ ကြည့်သူမရှိဘဲ အချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေဂွမ်းထုတ်ရပ်ကွက်၊ အကွက်အမှတ် ၅၉၅-က၊ ဦးပိုင်အမှတ် ၁၇၊ ၁၈/တရုတ်တန်းလမ်း အရှေ့ဘက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမြောက်ဘက်ရှိဦးသန်းမြင့်၊ ဒေါ်စန်းကြည်၊အမည်ပေါက် ဂရန်မြေကွက်အား ဇနီး ဒေါ်စန်းကြည်(ခ)ဒေါ်လုံး ကွယ်လွန်၍ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ ခင်ပွန်း ဦးသန်းမြင့် ၉/မရမ(နိုင်)၀၄၆၇၈၃ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်အိမ်ရာ၊ City Loft ကွန်ဒို၊ တိုက်(CL-8)၊ (၆) လွှာ၊ အခန်းအမှတ် (613) ဟုခေါ်တွင်သော ၄၈၄ စတုရန်းပေရှိ 1 Bedroom အမျိုးအစားကွန်ဒိုတိုက်ခန်းနှင့် ယင်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိ၍ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသူ ဦးနိုင်ဝင်းအောင်(၁၂/မရက(နိုင်)၀၅၈၉၅၃) ထံမှ ကျွန်မ ဒေါ်ယုမွန်သွယ်(၁၂/ဒဂန(နိုင်)၀၃၁၉၁၀)က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ကျွန်မထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယုမွန်သွယ်**
**၁၂/ဒဂန(နိုင်)၀၃၁၉၁၀**
**ဖုန်း- ၀၉-၇၄၀၀၁၉၈၉၀**

## သွေးသည် အသက်

## အမည်ပြောင်း

ဦးကိုဦး-ဒေါ်စန္ဒာမြင့်တို့၏သား Alpha ကျောင်း(Grade-1) တွင် ပညာသင်ကြားနေသော မောင်ဉာဏလွင်အား မောင်ဉာဏထွန်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဉာဏထွန်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၄၄)၊ ဦးပိုင်အမှတ်(၃)၊ ၁၉လမ်းနှင့် ၅၉(B)လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးစိုးသိန်း(ခ)စိုးသိမ်း၊ ဒေါ်လှလှ (ခ)အေးလှတို့ (၂)ဦးအနက် ဦးစိုးသိန်း(ခ)စိုးသိမ်း ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၀၁၅/၂၀၂၅)ဖြင့် အမွေဆက်ခံသော ဇနီးဖြစ်သူ ဒေါ်လှလှ (ခ)အေးလှ ၉/မနမ(နိုင်) ၀၆၁၆၂၂က အမှုတွဲအမှတ် (၅၈၄၀/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - အောင်ချမ်းသာတိုးချဲ့၊ မြေကွက်အမှတ်(၅၈၆)၊ အလျား x အနံ ပေ( ၄၀ X ၆၀ ) အကျယ်ရှိ ဦးသောင်းဝင်း + ၁ အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးသက်နိုင်ဦး (၁၂/သလန(နိုင်)၁၃၈၁၅၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်သန်း (၁၂/လကန(နိုင်)၀၃၆၀၈၆) က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့် ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့် ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက် ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇာနည် ( LL.B, D.B.L, D.I.P.L) တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၄၆၆၈)**
**အမှတ်(၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း - ၀၉-၄၂၀၃၀၀၂၆၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မှော်အနောက်ရပ်ကွက်၊ အကွက်အမှတ် (၃၇၅)၊ ဦးပိုင်အမှတ် (၄၂)၊ ၄၂(A)လမ်းနှင့် ၉၁(စီ)လမ်းထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးဝင်းမောင်၊ ဒေါ်တင်ရွှေတို့ (၂)ဦး အနက် ဦးဝင်းမောင် ကွယ်လွန်၍ အမွေဆက်ခံစာချုပ် အမှတ်(၁၆၁၄/၂၀၂၅)၊ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်တင်ရွှေ ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၃၀၀၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သော ဦးခင်မောင်ထွေး ၅/ဟမလ(နိုင်)၀၆၀၄၈၉၊ ဒေါ်သက်ထားဝင်း ၉/မဟမ(နိုင်)၀၁၂၃၇၂တို့က အမှုတွဲအမှတ်(၅၈၃၂/ ၂၀၂၅-၂၀၂၆) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံတကာသင်ရိုးဖြင့်သင်ကြားနေသောကျောင်းများ (နိုင်ငံတကာနှင့် ပြည်တွင်းပုဂ္ဂလိက)မှ ပညာရေးဝန်ကြီးဌာနအောက်ရှိ ကျောင်းများ (အခြေခံပညာနှင့် ဝန်ကြီးဌာနမှခွင့်ပြုထားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက)သို့ ပြောင်းရွှေ့သင်ယူလိုသူများအတွက် Placement Test ဖြေဆိုရန် လျှောက်လွှာခေါ်ယူခြင်း

၁။ လျှောက်ထားသူသည် တရားဝင်ခွင့်ပြုထားသည့် (မှတ်ပုံတင်ဖွင့်လှစ်ခွင့်ပြုထားသည့်) နိုင်ငံတကာ သင်ရိုးဖြင့်သင်ကြားနေသောကျောင်းများ (နိုင်ငံတကာနှင့် ပြည်တွင်းပုဂ္ဂလိက)မှ ကျောင်းသားများဖြစ်ရမည်။

၂။ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးသို့ လျှောက်လွှာတင်သွင်းသည့် အချိန်တွင်မိမိတက်ရောက်ခဲ့သောကျောင်းသည် **“တရားဝင်ခွင့်ပြုထားသည့်ကျောင်း"**ဖြစ်ကြောင်း အထောက်အထားများကို ပူးတွဲတင်ပြရမည်။ (**“တရားဝင်ခွင့်ပြုထားသည့်ကျောင်း"**ဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်ခြင်း မရှိပါက ဖြေဆိုခွင့်မပြုပါ။)

၃။ လျှောက်ထားသူသည် မိမိအောင်မြင်ပြီးမြောက်ခဲ့သော Level အရ တက်ရောက်သင်ကြားလိုသော အတန်း၏ တစ်ဆင့်နိမ့်အတန်း Placement Test ကို ဖြေဆိုရမည်။

၄။ လျှောက်ထားသူသည် မိမိတက်ရောက်ခဲ့သည့်ကျောင်းမှ ဖြေဆိုအောင်မြင်ပြီးခဲ့သည့် Level အတွက် ကျောင်းထောက်ခံချက်(မူရင်း) သို့မဟုတ် အောင်လက်မှတ်(မူရင်း) ပူးတွဲတင်ပြရမည်။

၅။ ပညာရေးဝန်ကြီးဌာန၏ အတန်းအလိုက်သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းအတိုင်း ဘာသာရပ်များကို ဖြေဆိုရမည်။

၆။ ဖြေဆိုလိုသောအတန်းနှင့် ကျောင်းမွေးသက္ကရာဇ်အရ အသက်ကိုက်ညီမှုရှိရမည်။

၇။ မွေးသက္ကရာဇ်အတွက် မွေးစာရင်း သို့မဟုတ် အသက်အတွက် ထောက်ခံချက် (အိမ်ထောင်စုစာရင်း) (မူရင်း)ပြ၍ မိတ္တူကို ပူးတွဲတင်ပြရမည်။

၈။ Placement Test ဖြေဆိုခွင့်လျှောက်လွှာများကို တိုင်းဒေသကြီး/ ပြည် နယ် ပညာရေးမှူးရုံးများတွင် ၂၅-၃-၂၀၂၆ ရက်မှစ၍ ရုံးချိန်အတွင်း အခမဲ့ ထုတ်ယူပြီး ၉-၄-၂၀၂၆ ရက်(ရုံးချိန်) နောက်ဆုံးထား၍ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများသို့ ပြန်လည်တင်သွင်းလျှောက်ထားရမည်။

၉။ Placement Test ကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစီအစဉ်ဖြင့် ခရိုင်ရုံးစိုက်ရာမြို့များတွင် ၄-၅-၂၀၂၆ ရက်မှ ၁၁-၅-၂၀၂၆ ရက်အတွင်း (တနင်္ဂနွေနေ့မပါ) ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုရမည့် အစီအစဉ်နှင့် အသေးစိတ်အချက်အလက်များကို လျှောက်လွှာထုတ်ယူတင်သွင်းခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများတွင် ဆက်သွယ်စုံစမ်း၍ အစီအစဉ်အတိုင်း ဝင်ရောက်ဖြေဆိုရမည်။

၁၀။ ပညာရေးဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် သတ်မှတ်လျှောက်လွှာအတိုင်း ပြည့်စုံစွာဖြည့်စွက်ရမည်။ “ပြည့်စုံမှုမရှိသောလျှောက်လွှာများ”ဖြင့် လျှောက်ထားပါက လျှောက်ထားမှုအား “ပယ်ဖျက်” မည်ဖြစ်သည်။

၁၁။ လျှောက်လွှာအား သတ်မှတ်ရက်အတွင်း တင်ပြနိုင်မှုမရှိခြင်းနှင့် သတ်မှတ်နေရာတွင်ဖြေဆိုနိုင်ခြင်းမရှိပါက ဖြေဆိုသူစာရင်းမှ ပယ်ဖျက်ခြင်းကို လိုက်နာရမည်။

၁၂။ Placement Test ဖြေဆိုသည့်နေ့ရက်များတွင် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထားသော ကျောင်းဝတ်စုံ(အဖြူ အစိမ်း)ကို ဝတ်ဆင်ရမည်။

**အခြေခံပညာဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၆/ကံကြီးကုန်း)၊ ကွင်း/အကွက်အမှတ်(၆၆၂/ကံကြီးကုန်း)၊ ဦးပိုင်အမှတ်(၆၁/၂၂)၊ မြေဧရိယာ (၀ ဒသမ ၁၁)ဧကရှိ မြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ၊ အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်ညိုညို ၉/မနတ(နိုင်)၀၃၃၇၉၁ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/33422 Honda 110 ယာဉ်လက်ဝယ်ရှိသူ Auto RY Co.,Ltd က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး**
**(မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7Q/4025 Suzuki Carry ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဖိုလ် ၈/စလန(နိုင်)၁၃၄၄၄၁ က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး**
**(မင်းဘူး)**

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၂)၊ ရေချမ်းအိုးတောင်ရွာ၊ ကွင်းအမှတ် (၆၇၅)၊ ကွင်းအမည် (ရေချမ်းအိုတောင်)၊ ဦးပိုင်အမှတ်(၁၄၃/ခ)၊ ဧရိယာ (၀ ဒသမ ၅၀) ဧကအကျယ်အဝန်းရှိ မြေမှခွဲ၍ အကွက်အမှတ် (D) ပေ(၇၀x၄၀) အကျယ်ရှိမြေကွက်အား ဦးစည်သူအောင်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြရင်၏ ခင်ပွန်း ဦးဝင်းဆွေအမည်ဖြင့် ၁၅-၉-၂၀၁၇ ရက်တွင် နှစ်ဦးသဘောတူအရောင်းအအဝယ်စာချုပ်ချုပ်ဆိုကာ ဝယ်ယူခဲ့ပြီးနောက် လက်ရောက်လက်ဝယ်ရရှိခဲ့သောမြေကွက်ဖြစ်ပါသည်။ ဦးဝင်းဆွေသည် (၇-၁၁-၂၀၂၄) ရက်တွင် ကွယ်လွန်သွားခဲ့ပြီးနောက် ၎င်း၏ တရားဝင်ဇနီးမယားအဖြစ် ဒေါ်မြရင် တစ်ဦးတည်းသာ ကျန်ရှိခဲ့ပါသည်။ ထို့ပြင် အဆိုပါမြေကွက်၏စာချုပ်မူရင်းမှာ သဘာဝဘေးအန္တရာယ် ဖြစ်ပွားချိန်၌ ပစ္စည်းများ ပြောင်းရွှေ့သည့်အချိန်တွင် ပျောက်ဆုံးသွားခဲ့သဖြင့် မိတ္တူသာလျှင် ဒေါ်မြရင်၏ လက်ဝယ်တွင်ကျန်ရှိခဲ့ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်နှင့် ပတ်သက်ပြီး ဒေါ်မြရင်သာလျှင် ရောင်းချခွင့်၊ လွှဲပြောင်းခွင့်တို့ ပြုလုပ်ခွင့်ရှိကြောင်းနှင့် အကယ်၍ အဆိုပါပြုလုပ်ပိုင်ခွင့်အား ကန့်ကွက်လိုသူများရှိပါက အထောက်အထားအခိုင်အမာဖြင့် ဤကြေညာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ရောင်းချခြင်း၊ လွှဲပြောင်းခြင်းတို့အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်စိုး (စဉ်-၁၁၆၃၈)၊ တရားလွှတ်တော်ရှေ့နေ၊**
**ဆင်လမ်းကျေးရွာ၊ ပြင်ဦးလွင်မြို့**
**ဖုန်း- ၀၉-၄၀၂၅၆၇၆၅၃**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၉၉)ရှိ ကုမ္ပဏီမှတ်ပုံတင်အမှတ်(107652299)ဖြင့် မှတ်ပုံတင်ရရှိထားသော GLOBAL CONQUERED KING COMPANY LIMITED မှ ကုမ္ပဏီ၏ (Manager)ဖြစ်သူ ဒေါ်သန္တာဖြိုး (ဘ) ဦးသန်းစိုး ၃/မဝတ(နိုင်)၀၃၈၄၄၅ သည် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ၎င်း၏ကုမ္ပဏီမှပိုင်အဖြစ်သုံးစွဲရန် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်စာချုပ်အမှတ်( ၄/၁၉၇၉ )ဖြင့် (၄-၃-၂၀၂၆) ရက်တွင် တရားဝင် မှတ်ပုံတင်သွင်း၍ မြွက်ဟကြေညာထားပြီးဖြစ်ပါသည်။

King

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား **“KING”** ဟု ”ဟူသော တံဆိပ်အမည်အမှတ်အသားဖြင့် "A-4/Legal စာရွက်များနှင့် ဗလာစာအုပ်များ”ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချလျက်ရှိသည်မှာ ကောင်းသတင်းဖြင့်ကျော်ကြားလျက်ရှိပါသည်။

မိမိတို့ကုမ္ပဏီနှင့် စပ်လျဉ်းပတ်သက်သည့်ကိစ္စများပေါ်တွင်လည်း ၎င်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊ အရောင်အမျိုးမျိုးတို့ဖြင့် ပြုလုပ်အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အား ဆင်တူယိုးမှား ပြုလုပ်ခြင်း၊ မရိုးဖြောင့်သောသဘောဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန် ပြုလုပ်ခြင်း၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တုပကူးယူခြင်းများနှင့် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ပိုင်ရှင်၏ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး(မြောင်းမြ)(LL.B)(D.B.L)(D.M.L)(D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၈၁)**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၄၀၁၀၄၈**

လှိုင်သာယာမြို့နယ်၊ ပိတောက်ဥယျာဉ်အိမ်ရာစီမံကိန်းရှိ အောက်ဖော်ပြပါမြေကွက်များအား မြေငှားစာချုပ်လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား(မူရင်း)များတင်ပြ၍ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | လျှောက်ထားသူအမည် | မှတ်ပုံတင်အမှတ် | မြေတိုင်း | မြေကွက် |
|---|---|---|---|---|
| ၁ | ဦးအောင်ဇေယျ၊ ဒေါ်ရီရီစိန် | ၁၃/တကန(နိုင်)၀၀၄၇၈၀၊ ၅/ကလတ(နိုင်)၀၀၁၄၄၃ | ၇ | ၆၂၇/၄၇ |
| ၂ | ဒေါ်အဲကို | ၁၃/ကလတ(နိုင်)၀၁၉၈၉၇ | ၇ | ၆၂၇/၄၈ |
| ၃ | ဦးကြီးမြင့်၊ ဒေါ်စန်းစန်းအေး | ၇/ညလပ(ပြု)၀၀၀၀၁၃၊ ၇/ညလပ(နိုင်)၀၉၁၀၅၁ | ၇ | ၆၂၇/၄၉ |
| ၄ | ဦးကျင်သိန်း၊ ဒေါ်ဖြူမာသင်း | ၁၂/ကမတ(နိုင်)၀၀၇၂၅၄၊ ၁၂/ကမတ(နိုင်)၀၅၆၆၆၇ | ၇ | ၆၂၇/၅၀ |
| ၅ | ဒေါ်ခင်မာကြည် | ၇/ရတရ(နိုင်)၀၇၈၈၈၀ | ၇ | ၆၂၇/၅၁ |
| ၆ | ဦးထက်ဝေအောင်-ဒေါ်အိသဥ္စာ | ၁၂/တမန(နိုင်)၁၀၄၇၈၁၊ ၁၂/တမန(နိုင်)၁၀၂၃၆၁ | ၇ | ၆၂၇/၅၂ |
| ၇ | ဦးဇာနီလင်း | ၁၂/ပဇတ(နိုင်)၀၃၁၃၃၇ | ၇ | ၆၂၇/၅၃ |

**မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ - ၂၂) ဒဂုံမြို့သစ်ခရိုင်တရားရုံးတော် ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၀၇ နှင့်ဆက်နွှယ်သည့် ၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၁၀

Tun Commercial Bank Limited နှင့် ဒေါ်ဝင်းကလျာဆွေ
(၎င်း၏ ကိုယ်စား မန်နေဂျာ ဦးသူရိန်ဝင်း)
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)စက်မှုဇုန် ၊ ဦးထွန်းညိုလမ်းနှင့် ဦးမှိုလမ်း၊ အမှတ် – ၂၇ /A နေ တရားရှုံး ဒေါ်ဝင်းကလျာဆွေ (ယခုနေရပ်လိပ် စာမသိ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၅၀၇ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤ ရုံးတော်တွင် တရားနိုင် Tun Commercial Bank Limited (၎င်း ကိုယ်စား မန်နေဂျာ ဦးသူရိန်ဝင်း) က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက် (၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း (၁၄) ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ မတ်လ (၁၆) ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးထွန်း)**
**ဒုတိယခရိုင်တရားသူကြီး( ၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7P/3023 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ အနော်ရထာရပ်ကွက်၊ သိုက်တိုင်ရပ်နေ ဦးတင်ကိုကို ၉/ညဥန(နိုင်)၁၃၄၇၇၆-ဒေါ်မြမြလှိုင် ၉/ညဥန(နိုင်)၁၁၅၈၃၈တို့၏သားဖြစ်သူ မောင်မျိုးမင်းသက်သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် ယနေ့မှစ၍ ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမှန်သမျှကို လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဦးတင်ကိုကို ၉/ညဥန(နိုင်)၁၃၄၇၇၆၊-ဒေါ်မြမြလှိုင် ၉/ညဥန(နိုင်)၁၁၅၈၃၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၈ဃ/၄၂၆၁၈ Dayang 125 ယာဉ်လက်ဝယ်ရှိသူ Hein Hein Co.,Ltd က (ကမ-၃) ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး**
**(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/60525 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ N. C. X Myanmar Co.,Ltd က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး**
**(မင်းဘူး)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၃)၊ ရွှေဥဒေါင်း(၃)လမ်း၊ မြေကွက်အမှတ်(၃၅၅-ခ)၊ ပေ(၂၀x၆၀) ရှိသည့် အိမ်ခြံမြေနှင့် ဦးချစ်သန်း(S/OKA-၀၈၈၆၂၈)ပါမစ်မူရင်းအား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးသိန်းစိုး ၁၄/ဘကလ(နိုင်)၀၃၄၇၉၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးချမ်းမိုး ၁၂/သဃက(နိုင်)၁၈၆၈၉၈ မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိခဲ့ပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိင်္ဂီအေး(စဉ်-၁၄၈၁၉)LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၈၇/ခ)၊ နန္ဒဝန်လမ်း (၂၀/က)ရပ်ကွက်၊**
**ဒဂုံမြို့ သစ်(တောင်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၆၉၁၅၂**

## ပတ်(စ်)ပို့ ပျောက်ဆုံးကြောင်း ကြေညာခြင်း

ကွတ်ခိုင်မြို့ ရပ်ကွက် (4) နေ မဟွမ်လန့်ရွှေ (ဘ) ဦးဟွမ်ယုံအမ် ၁၃/ကခန(နိုင်)၀၃၉၄၂၄ ၏ ပတ်(စ်)ပို့နံပတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

**ဖုန်း – ၀၉-၇၈၀၈၈၁၄၂၈**

## အမည်ပြောင်းလဲ ခေါ်ဝေါ်ပါရန်

ကန်ကြီးထောင့်မြို့နယ်၊ အမက – ၆၈ ချောင်းစောက် Grade-4 မှ (ဘ) ဦးမျိုးဇော်ဦး ၏သား မောင်လင်းထက်နိုင်အား မောင်ဝေဖြိုးအောင် ဟု ပြောင်းလဲခေါ်ဝေါ်ပါရန်။

**မောင်ဝေဖြိုးအောင်**

## ပတ်စ်ပို့ပျောက်

ဦးဝင်းရွှေ ၏သမီး မလင်းလင်းထွန်း ၁၂/ဥကတ(နိုင်) ၁၉၉၂၈၇ ၏ ပတ်စ်ပို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း – ၀၉-၇၈၈၅၇၈၂၃၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖားအောက်ကျေးရွာနေ ဦးသန်းထွန်း၏သား မောင်မင်းထွန်းဘို ၁၀/မလမ(နိုင်)၂၁၇၇၈၅ သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိသားစုခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်ကို ပြုမူဆောင်ရွက်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းထွန်း**
**၁၀/မဒန(နိုင်)၀၇၃၆၄၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၂) ရပ်ကွက်၊ အကွက်အမှတ်(စ-၈)၊ ဦးပိုင်အမှတ်(၁၉)/ ၆၅x၆၆လမ်းကြား၊ ၁၀၉x၁၁၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သောရတနာပူရ တည်ဆောက်ရေးသမဝါယမအသင်းလီမိတက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ကိုယ်စား ဦးမြင့်ဟန်၊ အုပ်ချုပ်မှုဒါရိုက်တာ ၉/မရတ(နိုင်) ၀၅၉၉၉၃ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၉၉၀/၂၀၀၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းမောင်၉/မရတ(နိုင်) ၀၅၉၉၅၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ ပျောက်ဆုံးကြောင်း ကြေညာခြင်း

ကုန်းကြမ်းမြို့နယ်၊ ဟုန်မူကျိုင်းရွာ၊ ဆုံကန်အုပ်စုနေ မလူလောင်ချင် (ဘ) ဦးလူဟွာအဲ ၁၃/ကကန(နိုင်)၀၂၁၁၅၅၏ ပတ်(စ်)ပို့နံပတ်(MH-459468)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း – ၀၉-၂၅၂၆၈၃၀၇၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၁၂၊ ယုဝတီလမ်း၊ မြေကွက်အမှတ်(၃၈၁)၊ ဧရိယာပေ (၄၀ x ၆၀) အကျယ်ရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးလှအုန်း (ခ) လှမြင့် (ဒီအီး-၀၁၁၇၁၁) အမည်ဖြင့် မှတ်သားတည်ရှိသော ပါမစ်မြေအမျိုးအစားမြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် မြေကွက်အမှတ် (၃၈၃) နှင့် ကပ်လျက်တည်ရှိသော ဧရိယာပေ (၂၀ x ၆၀) အကျယ်ရှိ မြေကွက်နှင့်အိမ်ကို တရားဝင်လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အေးအေးစန်း ၁၄/မမန(နိုင်)၁၈၀၀၈၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မေဖြိုးသူ ၉/ဝတန(နိုင်)၁၆၈၃၉၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ပြည့်ဖြိုးလွင် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၅) LL.B, D.B.L, D.I.L,D.M.L**
**အမှတ် (၁၁၁၇ – အေ)၊ ရွှေနှင်းဆီ ၅ လမ်း – ဘီ၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း – ၀၉ – ၇၇၇၇၅၆၇၄၂**

FAME
RejuMax®
For rejuvenation
ပျိုရွယ်နုဆေး
ISO 9001 : 2015
ISO 14001 : 2015
ISO 45001 : 2018
GMP Certified
Organic Certified
TMR 016443 (0927)
၂/၂၀၂၄ တဆထလ/တိုး (၀၆၅၇)
Ph: 09-95 500 5000

FAME
BerryTec®
Longevity flavonoid
စတော်ဘယ်ရီဆေး
အရွယ်မတိုင်မီ
အိုမင်းရင့်ရော်မှုကို
လျော့နည်းစေ၍
ကျန်းမာနုပျိုစေခြင်း
TMR 016793 (0628)
၂/၂၀၂၄ တဆထလ/တိုး (၀၆၅၇)
Ph: 09-95 500 5000

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ ဦးကြင်ဥ (၁) လမ်း၊ မြေကွက်အမှတ် (၉၃၈/က)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ (၁) ဒေါ်ခင်သီတာ (၁၂/မဂတ (နိုင်) ၀၅၁၀၂၆)၊ (၂) ဒေါ်အေးအေးသက် (၁၂/မဂတ (နိုင်) ၀၅၁၀၀၄)၊ (၃) ဒေါ်မြင့်မြင့်ကြူ (၁၂/မဂတ (နိုင်) ၀၅၁၀၂၄)၊ (၄) ဒေါ်စန်းစန်းရီ (၁၂/မဂတ (နိုင်) ၀၀၁၅၃၃) နှင့် (၅) ဦးအောင်နိုင်ထက် (၁၂/ဒဂမ (နိုင်) ၀၃၄၁၀၇)တို့အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင်များထံမှ ကျွန်မ ဒေါ်ထက်ထက်ဖြိုး (၁၂/ဒဂမ (နိုင်) ၀၁၈၄၁၈)က ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ထက်ထက်ဖြိုး (၁၂/ဒဂမ (နိုင်) ၀၁၈၄၁၈) ၀၉– ၄၄၈ ၀၁၈ ၈၁၇

## ဒေါ်သဉ္ဇာအေး (၁၂/ဗတထ(နိုင်)၀၄၁၃၄၈)နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂) ရပ်ကွက်၊ မြို့မ(စာတိုက်)လမ်း၊ အမှတ် (၆၅– ခ) (၄) လွှာ (ခေါင်းရင်းခန်း–အေ) အကျယ်အဝန်း(၁၂ပေခွဲX ပေ၅၀)အကျယ်ရှိတိုက်ခန်းကို ရောဝတီဘဏ်နှင့်ချိတ်ဆက်၍ ဦးအောင်မိုးကျော်(၁၂/ဗတထ(နိုင်)၀၄၁၃၅၄) နှင့် ဒေါ်သဉ္ဇာအေး (၁၂/ဗတထ (နိုင်) ၀၄၁၃၄၈) တို့လင်မယားက ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပါသည်။ အဆိုပါတိုက်ခန်းသည် လင်မယား အတူပေါင်းသင်းစဉ် လက်ထပ်ပွားပစ္စည်းဖြစ်ပါသည်။ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်သော စာချုပ်စာတမ်းမူရင်းအရပ်ရပ်သည် ရောဝတီဘဏ်တွင် အပ်နှံထားရှိပါ သည်။ အတူပေါင်းသင်းနေထိုင်စဉ်အတွင်း ဦးအောင်မိုးကျော်က ခွင့်မလွှတ်နိုင်သော ပြုလုပ်မှုကို ဒေါ်သဉ္ဇာအေးက ပြုခဲ့သဖြင့် အချင်းဖြစ် တိုက်ခန်းကို (၁၇–၃–၂၀၂၆)ရက်က ဆယ်အိမ်မှူး ဦးသန်းထွန်းရှေ့မှောက်တွင် တစ်ဖက်လျှင် သော့တစ်လုံးစီခတ်၍ ထိန်းသိမ်းထားရှိပါသည်။ အဆိုပါတိုက်ခန်းအား ဒေါ်သဉ္ဇာအေးက လွှဲပြောင်းရောင်းချရန် စီစဉ်နေကြောင်း ကြားသိရသဖြင့် ကျွန်ုပ်အမှုသည် ဦးအောင်မိုးကျော်၏ သဘောတူခွင့်ပြုချက်မရရှိဘဲ တိုက်ခန်းအတွင်းသို့ မည်သူမျှ ဝင်ရောက်ခြင်း၊ လွှဲပြောင်း ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းများ ပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။ ထိုသို့ ထုတ်ဖော်ကြေညာတားမြစ်ထားပါလျက် မည်သူမဆို တစ်စုံတစ်ရာ ပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| ဦးခင်ဇော်(မရမ်းကုန်း) | ဒေါ်မျိုးသူဇာနှင်း | ဒေါ်အိဖြူနှင်း |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်–၁၀၆၂၃) | (စဉ်–၁၄၂၁၆) | (စဉ်–၅၄၅၇၀) |
| ဖုန်း–၀၉–၂၅၃၂၂၅၁၅၁ | ဖုန်း–၀၉– ၂၅၄၂၁၈၀၂၄ | ဖုန်း–၀၉– ၄၂၀၀၄၇၅၅၅ |

## ပတ်စ်ပို့ပျောက်

ရေတာရှည်မြို့နယ်၊ မြို့လှမြို့၊ ဈေး(၂)ရပ်ကွက်နေ (ဘ)ဦးမျိုးဝင်း၏သား ဦးကျော်မြင့် ၇/ရတရ(နိုင်) ၀၇၁၉၇၃ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၅၃၅၀၄၉၅

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မစိုးရိမ်အနောက်၊ ဦးပိုင်အမှတ်(၅၃က/၂)၊ ဧရိယာ (၀ ဒသမ ၀၂၉) ဧကရှိ ဘိုးဘပိုင်မြေကွက်အား အမည်ပေါက်သူ ဒေါ်မျိုးမျိုးထိုက် ၉/ပမန(နိုင်)၁၅၀၄၂၉ မှ ဘိုးဘအမည်ပြောင်း အမိန့်၊ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်း စာချုပ်အမှတ် (၁၂၆/၂၀၀၁)၊ နိုင်ငံသားစိစစ်ရေးကတ်၊အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်ဝင်း ၉/ပမန(နိုင်)၀၁၇၁၁၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/19519, Honda Dream–125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲမင်းမင်း ၁၄/ဟကက(နိုင်)၀၀၉၀၀၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅) ရပ်ကွက် မြင်သာ(၅) လမ်း၊ အမှတ်(၂၈၀/က)၊ အကျယ်အဝန်း (ပေ၂၀ x ပေ၆၀)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း(၁၀ပေ x ပေ၆၀) ဂရန်မူရင်းခြမ်း အိမ်ခြံမြေနှင့် ယင်းအိမ်ခြံမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဒေါ်ဇင်မာလင်း (၁၂/ဥကတ(နိုင်)၂၂၀၆၅၉) မှ အရှုပ်အရှင်းကင်းပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ဒေါ်ခင်သူဇာလွင် (၁၁/အမန(နိုင်)၀၇၈၃၆၃)မှ စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါ သည့် ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်စာချုပ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ ဒေါ်ခင်သူဇာလွင် ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မေမျိုးနိုင်(LL.B. WIPO–Switzerland) အထက်တန်းရှေ့နေ (စဉ် – ၄၃၁၉၈)
ဖုန်း–၀၉–၄၂၅၃၂၈၂၆၃၊ ၀၉–၇၅၆၀၂၁၉၇၁

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/3714 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး(ရွှေဘို) ရွှေဘိုမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 18W/16256 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး(ပဲခူး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် U/7441 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး(ပဲခူး)**

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ကွင်း/အကွက်အမည်–(RA–V /ကွက်ပြင်–၅)၊ ဦးပိုင်အမှတ်– (၁၉/၈)၊ ဧရိယာ (၀ဒသမ၀၉၄)ဧက အကျယ်ရှိမြေငှားဂရန်သက်တမ်းတိုး လျှောက်ထားနိုင်ရေး ဦးလော်ကျုံချန်(ခ)မောင်မြင့် (၉/ပဥလ(နိုင်)၀၃၉၃၂၄)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဝေါမြို့၊ အရှေ့ဘက်ကမ်းရပ်ကွက်၊ ကွင်းအမှတ်(၇၉၉–က)၊ ကျုံတူကွင်း၊ မြေကွက်အမှတ် (A–၂၊ A–၂၇)၊ မြေဧရိယာ ( ၀ဒသမ၁၉၈ )ဧကရှိမြေကို ဝေါမြို့၊ အေးချမ်းသာယာရပ်ကွက်၊ မင်းလမ်းနေ ဦးဝင်းနိုင်မှ စက်မှု/စီးပွားမြေငှားဂရန် (သက်တမ်းတိုး) ချထားပေးနိုင်ပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက စက်မှု/စီးပွားမြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဒေါ်သဇင်မိုးနှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ မြင်းဘက်ရပ်နေ ဦးမြင့်အောင်(ဘ)ဦးထွန်းပိုင် ၉/ပဘန(နိုင်)၀၀၃၉၉၄ ၊ ဒေါ်ကြည်သိန်း(ဘ)ဦးမောင်အေး ၉/ပဘန(နိုင်)၀၀၃၉၉၅ တွင် သားသမီးရင်းများဖြစ်သည့် ဦးတင်ထွန်းဦး၊ဦးထွန်းနိုင်ဝင်း၊ ဒေါ်ကြည်ပြာတို့ (၃)ဦးသာ မွေးဖွားထွန်းကားခဲ့ပြီး ဒေါ်သဇင်မိုးမှာ မိဘရင်းများဖြစ်သည့် ဦးမိုး–ဒေါ်ခင်အုန်းမြင့်တို့မှ သူမငယ်စဉ်ကပင် လက်ရှိ အုပ်ထိန်းသူ ဦးမြင့်အောင်–ဒေါ်ကြည်သိန်းတို့ထံအပ်နှံခဲ့သဖြင့် ဦးမြင့်အောင်တို့မှ ကျွေးမွေးစောင့်ရှောက်ခြင်းများပြုလုပ်ပေးခဲ့ခြင်း၊ကျွေးမွေးစောင့်ရှောက်ရင်း ပညာသင်သည့်အချိန်တွင် မိဘရင်းများနှင့်ဆက်သွယ်မရသည့်အတွက် ဦးမြင့်အောင်၏ အိမ်ထောင်စုစာရင်းတွင် ထည့်သွင်းခြင်း ဖခင်အမည် ထည့်ပေးခြင်းများပြုလုပ်ကာ ပညာသင်ကြားပေးခြင်း၊ ကျွေးမွေးထောက်ပံ့ခြင်း၊ အိမ်ထောင်ကျ သည့်အချိန်ထိ အိမ်ထောင်ကျသည့်တိုင် ကြည့်ရှုစောင့်ရှောက်ပေးခြင်းများ ပြုလုပ်ကာ ရင်းနှီးစားသောက်နိုင်ရန် ပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့သည်ကို လက်ခံပြီးဖြစ်သောကြောင့် ဒေါ်သဇင်မိုးမှာ ကျွန်တော် ဦးမြင့်အောင်– ကျွန်မ ဒေါ်ကြည်သိန်း တို့ လက်ရှိထားပိုင်ဆိုင်နေသည့်ပစ္စည်းအရပ်ရပ်နှင့် သက်ဆိုင်ခြင်းမရှိတော့ကြောင်းနှင့် သားရင်းသမီးရင်း–၃ ဦးနှင့်သာ သက်ဆိုင်ကြောင်း ဒေါ်သဇင်မိုးနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| ၁။ဦးမြင့်အောင်(ဘ)ဦးထွန်းပိုင် | ၂။ဒေါ်ကြည်သိန်း (ဘ)ဦးမောင်အေး |
| ၉/ပဘန (နိုင်)၀၀၃၉၉၄ | ၉/ပဘန (နိုင်)၀၀၃၉၉၅ |
| မြင်းဘက်ရပ်၊ပျော်ဘွယ်မြို့ | မြင်းဘက်ရပ်၊ပျော်ဘွယ်မြို့ |

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဓဓ–၂၇၊ ဦးပိုင်အမှတ် ၂၄၊ ၅၁x၅၂ကြား၊ ၁၀၉x၁၁၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဖခင် ဦးချစ်ဟန် ၅/လဝန(နိုင်)၁၃၃၇၉၈ မှ သားဖြစ်သူ ဦးလှစိုး အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇) ပျောက်ဆုံးကြောင်း

ဘားအံမြို့နယ်၊ လှာကမြင် ကျေးရွာအုပ်စု၊ တဝန်သံကျေးရွာနေ နန်းမူးဖေါင် လာ၏ မဲဘောင်ကွင်း၊ ဦးပိုင် အမှတ် ၂၈၁/၂၊ ဧရိယာ ၂ ဒသမ ၈၂ ဧကရှိ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက သက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့/မြေစာရင်းရုံးသို့ အကြောင်းကြားနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**နန်းမူးဖေါင်လာ**
ဖုန်း–၀၉–၄၂၈၇၃၁၄၆၅

## "ဦးဇာနည်မောင်နှင့် အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊သာသနာ့ရိပ်သာလမ်း ၊ အမှတ် (၃၅) နေ ဦးတင်ဝမ်းမောင် (၁၂/ဒဂန(နိုင်)၀၁၅၁၆၀)နှင့် ဒေါ်ခင်ခင်မြ (၁၂/ဒဂန(နိုင်)၀၁၅၁၆၁) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဇာနည်မောင် (၆/မအရ(နိုင်)၀၀၀၈၄၄) နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးတင်ဝမ်းမောင်(၁၂/ဒဂန(နိုင်)၀၁၅၁၆၀) နှင့် ဒေါ်ခင်ခင်မြ (၁၂/ဒဂန(နိုင်)၀၁၅၁၆၁) တို့ ဇနီးမောင်နှံသည် ဒေါ်မိုးသဉ္ဇာမောင်၊ ဦးစည်သူမောင် နှင့် ဦးဇာနည်မောင်တို့ သားသမီး (၃) ဦးကို မွေးဖွားခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လူနေရပ်ကွက်– ဝေဇယန္တာ အိမ်ရာ ၊ မြေတိုင်းရပ်ကွက် အမှတ် (၂၀) ၊ မြေကွက်အမှတ် – ၁၂၄ ၊ ဧရိယာ (၀ဒသမ၁၄၇) ဧက၊ (၆၄၀၀) စတုရန်းပေ အကျယ်ရှိ ကျွန်ုပ်မိတ်ဆွေ ဦးတင်ဝမ်းမောင် အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များမှာ ကျွန်ုပ်မိတ်ဆွေများဖြစ်သည့် ဦးတင်ဝမ်းမောင်နှင့် ဒေါ်ခင်ခင်မြတို့ ပိုင်ဆိုင်သော နေအိမ်မြေကွက် ဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေများပိုင်ဆိုင်သည့် ဖော်ပြပါနေအိမ်မြေကွက်အား ကျွန်ုပ်မိတ်ဆွေ၏ သားအငယ်ဆုံးဖြစ်သူ ဦးဇာနည်မောင်မှ မိဘများ၏ ဆန္ဒမပါ၊ မသိရှိဘဲ တစ်ဦးတည်းသောသားဖြစ်ကြောင်း မမှန်မကန်ဖော်ပြ၍ ဖခင်၏ ကျန်းမာရေးမကောင်းသည်ကို အခွင့်ကောင်းယူကာ ဖခင်မသိရှိအောင် အပိုင်ပေးစာချုပ်အား တစ်ဖက်လှည့်နှင့် ရယူခဲ့သည်ကို ကျွန်ုပ်မိတ်ဆွေများသည် နောက်မှ သိရှိခဲ့ရသည့်အတွက် ဖခင်ဖြစ်သူထံမှ တစ်ဖက်လှည့်နှင့်ရယူခဲ့သည့် အပိုင်ပေးစာချုပ်အား ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပြန်လည်ပယ်ဖျက်ပေးရန်နှင့် မြေပုံကူးခြင်း ၊ အမည်ပြောင်း လျှောက်ထားခြင်း၊ ရောင်းချခြင်း ၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ တစ်နည်းနည်းဖြင့် ပြောင်းလဲခြင်းများကို မပြုလုပ်ရန်နှင့် အကယ်၍ လိုက်နာခြင်းမရှိဘဲ ပြုလုပ်ခဲ့ပါက ပြုလုပ်သူအား တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဇာနည်မောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ဝမ်းမောင် နှင့် ဒေါ်ခင်ခင်မြ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| ဒေါ်သင်းသင်းခိုင်(LLB, D.B.L, D.M.L) | ဒေါ်အေးမြတ်မွန်(LLB, D.I.L) |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၉၈၆၇) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၉၇၃) |

အမှတ်(၄) ၊ (မြေညီ/ခေါင်းရင်းခန်း) ၊ သီရိလမ်း ၊ သီရိခေမာရပ်ကွက် ၊
စမ်းချောင်းမြို့နယ် ၊ ရန်ကုန်မြို့၊ဖုန်း–၀၉–၅၁၈၇၃၇၂၊ ၀၉–၂၆၀၉၀၃၀၀၁

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးခင်မောင်ထွန်း ၁၂/တကန(နိုင်) ၀၀၁၈၇၇ ပိုင်ဆိုင်သော ယာဉ်အမှတ် 9G/4727၏ CNG ထုတ်ယူခွင့် စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူရှိပါက ဆက်သွယ် အကြောင်းကြား ကန့်ကွက်နိုင်ပါသည်။

ဖုန်း–၀၉–၄၂၀၀၃၆၉၇၉

## ကန့်ကွက်နိုင်ပါကြောင်း

ဝေါမြို့နယ်၊ ရှမ်းစုကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၉၃ᵃ)၊ ကြာပွမြောက်ကွင်း၊ ဦးပိုင်အမှတ်(၂၅/၅)၊ မြေဧရိယာ (၀.၅၅)ဧကရှိမြေကို ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးဇော်မင်းသန့်မှစက်မှု/စီးပွားမြေငှား ဂရန်(အသစ်) ချထားပေးနိုင်ပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ဝေါမြို့နယ်အထွေထွေအုပ် ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက စက်မှု/စီးပွားမြေငှား ဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဝေါမြို့၊ အရှေ့ဘက်ကမ်းရပ်ကွက်၊ ကွင်းအမှတ်(၇၉၉–កက)၊ ကျုံတူကွင်း၊ မြေကွက်အမှတ် (A–၁၊ A–၂၆)၊ မြေဧရိယာ(၀.၁၈၂)ဧကရှိမြေအား ဝေါမြို့၊ အရှေ့ဘက်ကမ်းရပ်ကွက်၊ မင်းလမ်းနေ ဦးအောင်ရာမှ စက်မှု/စီးပွားမြေငှားဂရန် (သက်တမ်းတိုး)ချထားပေးနိုင်ပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့်ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက စက်မှု/စီးပွားမြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝေါမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ (၃)မိုင်မြို့သစ်၊ (၁)ရပ်ကွက်၊ ပိတောက်လမ်းသွယ်(၁)၊ မြေကွက်အမှတ်-၃၁၉၀၊ ကွင်းအမှတ်-၅၅၆(ဖလံတောကွင်း)၊အကျယ်အဝန်း(ပေ၈၀X ပေ၆၀)ရှိ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါ မြေကွက်ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားသော ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်နိုင်နိုင်မော် ၁၄/လပတ(နိုင်)၁၃၉၁၁၅ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မာဦး ၁၄/လပတ(နိုင်)၁၅၄၈၃၃က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ပြည့်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၁၄၈၇)**
**လပွတ္တာ (၃) မိုင်မြို့သစ်၊ ခရေလမ်းသွယ်**
**ဖုန်း–၀၉–၄၅၆၆၁၅၀၄၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ် ၆၉၇၊ ဦးပိုင်အမှတ် ၁၇–စ/၂၊ ၃၆x၃၇ကြား၊ ၇၂x၇၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ထိုက်ထိုက်ထွန်း ၉/မရမ(နိုင်)၀၉၂၄၅၄ ၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၅၄၅၇/၂၀၁၅)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဆိုင်ငွန်(ခ)ခင်ခင်ဝေ(ခ)ခင်နှင်းဝေ ၉/မရမ(ဧည့်)၀၀၀၁၁၀ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ဦးဇာနည်မောင်နှင့် အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊သာသနာ့ရိပ်သာလမ်း ၊ အမှတ် – ၃၅ နေ ဦးတင်ဝမ်းမောင်(၁၂/ဒဂန(နိုင်)၀၁၅၁၆၀)နှင့် ဒေါ်ခင်ခင်မြ (၁၂/ဒဂန(နိုင်)၀၁၅၁၆၁)တို့၏ လွှဲအပ်ညွှန်ကြား ချက်အရ ဦးဇာနည်မောင် (၆/မအရ(နိုင်)၀၀၀၈၄၄) နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးတင်ဝမ်းမောင်(၁၂/ဒဂန(နိုင်)၀၁၅၁၆၀)နှင့် ဒေါ်ခင်ခင်မြ (၁၂/ဒဂန(နိုင်)၀၁၅၁၆၁) တို့ ဇနီးမောင်နှံသည် ဒေါ်မိုးသဉ္ဇာမောင်၊ ဦးစည်သူမောင် နှင့် ဦးဇာနည်မောင်တို့ သားသမီး (၃) ဦးကို မွေးဖွားခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ် – သမိုင်း၊ မြေတိုင်းရပ်ကွက်အမှတ် – ၃၁ ၊ မြေကွက်အမှတ် –၂/၃၁၂၀၃၊ အကျယ်(၀.၁၁၃) ဧကရှိ ကျွန်ုပ်မိတ်ဆွေ ဦးတင်ဝမ်းမောင်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များမှာ ကျွန်ုပ်မိတ်ဆွေ ဦးတင်ဝမ်းမောင်နှင့် ဒေါ်ခင်ခင်မြတို့ ပိုင်ဆိုင်သော နေအိမ်မြေကွက်ဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေများပိုင်ဆိုင်သည့် ဖော်ပြပါနေအိမ်မြေကွက်အား ကျွန်ုပ်မိတ်ဆွေများ၏ သားအငယ်ဆုံး ဖြစ်သူ ဦးဇာနည်မောင်မှ မိဘများ၏ ဆန္ဒမပါ ၊ မသိရှိဘဲ တစ်ဦးတည်းသောသားဖြစ်ကြောင်း မမှန်မကန်ဖော်ပြ၍ ဖခင်၏ ကျန်းမာရေး မကောင်းသည်ကိုအခွင့်ကောင်းယူကာ ဖခင်မသိရှိအောင် အပိုင်ပေးစာချုပ်အား တစ်ဖက်လှည့်နှင့် ရယူခဲ့သည်ကို ကျွန်ုပ်မိတ်ဆွေများသည် နောက်မှ သိရှိခဲ့ရသည့်အတွက် ဖခင်ဖြစ်သူထံမှ တစ်ဖက်လှည့်နှင့် ရယူခဲ့သည့် အပိုင်ပေးစာချုပ်အား ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပြန်လည် ပယ်ဖျက်ပေးရန်နှင့် မြေပုံကူးခြင်း၊ အမည်ပြောင်းလျှောက်ထားခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း ၊ စွန့်လွှတ်ခြင်း ၊ တစ်နည်းနည်းဖြင့် ပြောင်းလဲခြင်းများကို မပြုလုပ်ရန်နှင့် အကယ်၍လိုက်နာခြင်းမရှိဘဲ ပြုလုပ်ခဲ့ပါက ပြုလုပ်သူအား တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဇာနည်မောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ဝမ်းမောင် နှင့် ဒေါ်ခင်ခင်မြ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| ဒေါ်သင်းသင်းခိုင် (LLB, D.B.L D.M.L) | ဒေါ်အေးမြတ်မွန်(LL.B, D.I.L) |
| တရားလွှတ်တော်ရှေ့နေ(စဉ်–၉၈၆၇) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၉၇၃) |

အမှတ်(၄) ၊ (မြေညီ/ခေါင်းရင်းခန်း) ၊ သီရိလမ်း ၊ သီရိခေမာရပ်ကွက် ၊
စမ်းချောင်းမြို့နယ် ၊ ရန်ကုန်မြို့။ Ph: 09–5187372, 09–260903001

❖ “ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည်မြတ်ရွှေအိုး” ဆိုသည့်အတိုင်း အသိပညာ၊ အတတ်ပညာများ ပြည့်ဝနေခြင်းသည် မိမိတို့တစ်ဦးတစ်ယောက်ချင်း၏ ဘဝများအတွက်သာမက ပညာတတ်များပြည့်ဝသည့် နိုင်ငံတော်တစ်ခုအတွက်လည်း ကမ္ဘာ့အလယ်တွင် ဝင့်ထည်စေမည်ဖြစ်…

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ပြုလုပ်သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၏ (၇၅)ကြိမ်မြောက် စိန်ရတု (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပေါ်နေသည့် စစ်ရေးပဋိပက္ခကြောင့် မိမိတို့နိုင်ငံတွင် စက်သုံးဆီသုံးစွဲမှု အခက်အခဲမဖြစ်ပေါ်စေရေး ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးထုတ်ပြန်ချက်

အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပေါ်လျက်ရှိသည့် စစ်ရေးပဋိပက္ခကြောင့် မိမိတို့နိုင်ငံအတွင်း စက်သုံးဆီသုံးစွဲမှု အခက်အခဲမဖြစ်ပေါ်စေရေး စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စောင့်ကြည့်၊ ကြပ်မတ်၊ ထိန်းကျောင်းမှုများ ဆောင်ရွက်လျက်ရှိပါသည်။

မတ်လ ၁၂ ရက်နေ့တွင် မော်တော်ယာဉ်များအတွက် Bar Code အား Scan ဖတ်ခြင်း၊ ဆိုင်ကယ်များအတွက် QR Code ထုတ်ပေးခြင်းစနစ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တွေ့ကြုံရသည့် အခက်အခဲများအပေါ်တွင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူလူထုအနေဖြင့် နားလည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်ခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

ယင်းသို့ ဆောင်ရွက်နေစဉ်အတွင်း စက်သုံးဆီအရောင်းဆိုင်များသို့ ညွှန်ကြားချက်များ ထုတ်ပြန်ပြီး လိုက်နာဆောင်ရွက်ရန် စစ်ဆေးကြပ်မတ်လျက်ရှိပါသည်။

ပြည်သူလူထုအနေဖြင့် တိကျစွာ တိုင်ကြားလာမှုများအပေါ်တွင် သက်ဆိုင်ရာ အရောင်းဆိုင်များအား သွားရောက်စစ်ဆေးပြီး ရောင်းချခွင့်လိုင်စင် ပိတ်သိမ်းခဲ့ပါသည်။

စက်သုံးဆီဝယ်ယူရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန်အတွက် ယာဉ်၏စက်စွမ်းအားအပေါ် မူတည်၍ တစ်ပတ်အတွင်း ဝယ်ယူခွင့်ရှိသည့်ပမာဏကို သတ်မှတ်ပြီး တစ်ပတ်အတွင်း တစ်ကြိမ်တည်းဖြစ်စေ၊ အများဆုံး ၂ ကြိမ်ခွဲ၍ဖြစ်စေ ဝယ်ယူနိုင်မည့်စနစ်ကို Bar Code နှင့် QR Code စနစ် အတွင်းထည့်သွင်း၍ လာမည့်ရက်သတ္တပတ်အတွင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် စက်သုံးဆီဖူလုံမှု ရက် ၅၀ စာ သိုလှောင်ထားရှိပြီးဖြစ်သည့်အပြင် ပုံမှန်တင်သွင်းနေသည့် လမ်းကြောင်းများအပြင် အခြားလမ်းကြောင်းများမှလည်း တင်သွင်းနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ထားမှုများရှိပြီးဖြစ်သဖြင့် ပြည်သူလူထုအနေဖြင့် စိုးရိမ်ကြောင့်ကြ၍ ဝယ်ယူမှုမပြုလုပ်ခြင်း၊ စက်သုံးဆီရောင်းချခြင်းနှင့်စပ်လျဉ်း၍ မမှန်ကန်မှုများ တွေ့ရှိရပါက သက်ဆိုင်ရာ ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ တိကျစွာတိုင်ကြားမှုများ ပြုလုပ်ခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် အသိပေးမေတ္တာရပ်ခံအပ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန


တရုတ်နိုင်ငံသား ကျား ငါးဦး မှတ်တမ်း ဓာတ်ပုံ။

## လဲချားမြို့နယ် ခိုဟိုင်းကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသည့် တရားမဝင် ပြည်ပနိုင်ငံသားများအား ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၂**

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ နိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်စေရေးနှင့် အလုံးစုံပပျောက်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်း

*စာမျက်နှာ ၈ ကော်လံ ၁* ●

### ယနေ့ မာ တိ ကာ

အမျိုးသမီးကို တရုတ်ဇနီးမယားအဖြစ် ပေါင်းသင်းခဲ့သော တရုတ်နိုင်ငံသားနှင့် ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူတို့ကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ် ပြည်တွင်းသတင်း စာ ၉

တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက် မယ်ဆိုင်ချောင်းဘေး၌ ငွေကျပ် ၂ ဒသမ ၀၈ ဘီလီယံခန့်တန်ဖိုးရှိ အိုက်စ် ၂၆၀ ကီလိုဂရမ်ခန့် ဖမ်းဆီးရမိ ပြည်တွင်းသတင်း စာ ၁၃

မလေးရှားနိုင်ငံ၌ အပူချိန်ဆက်တိုက်မြင့်တက်နေသောကြောင့် သတိပေးချက်များထုတ်ပြန် နိုင်ငံတကာသတင်း စာ ၁၄

## တိုက်စစ်ကစားသမား ဘီတို၏ သွင်းဂိုးများနှင့်အတူ အဲဗာတန်က ချယ်ဆီးကို ဂိုးပြတ်အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၃၁)အဖြစ် မတ် ၂၂ ရက် နံနက်အစောပိုင်းက Hill Dickinson ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် အဲဗာတန်နှင့် ချယ်ဆီးအသင်းပွဲစဉ်တွင် အဲဗာတန်အသင်းက တိုက်စစ်ကစားသမား ဘီတို၏ သွင်းဂိုးများနှင့်အတူ သုံးဂိုးပြတ် နိုင်ပွဲရရှိခဲ့သည်။

ယခုနှစ်ရာသီ ပုံမှန်ခြေစွမ်းပြသရန် ရုန်းကန်နေရသည့် ချယ်ဆီးအသင်းသည် ပွဲချိန် မိနစ် ၃၀ အတွင်း အဲဗာတန်အသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် ပြိုင်ဘက်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကို ဟန့်တားကာကွယ်ခဲ့ရပြီး သွင်းဂိုးများ ဆက်တိုက်ခွင့်ပြုပေးခဲ့ရကာ ဂိုးပြတ်ရှုံးပွဲ ကြုံတွေ့ခဲ့ရသည်။ ယခုပွဲစဉ် ရှုံးနိမ့်မှုကြောင့် ချယ်ဆီးအသင်းသည်

*စာမျက်နှာ ၈ ကော်လံ ၁* ○

